မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသောလူနာများ ဆေးဝါးကုသခံယူနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည့် အကြမ်းဖက်အဖျက်သမားများက မေ၇ရက်တွင် ရက်စက်စွာ ချိန်ကိုက်ဗုံးထောင် ဖောက်ခွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူနေမှုများအား ယနေ့ ညနေပိုင်း၌ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုဆို

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

စာမျက်နှာ ၉ ကော်လံ ၁

ကြည့်ရှုစစ်ဆေး

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင်း မေ၇ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသောလူနာများ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❐ မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသားရေးလုပ်ငန်းများအဖြစ်ခံယူပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဒေသခံပြည်သူများအကျိုးအတွက် စိတ်ကောင်း စေတနာကောင်းများ ထားရှိပြီးဆောင်ရွက်။

ခေါင်းကြီး(စာ-၂)

❐ ပြည်ထောင်စု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်သည့် "ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်" ဖြစ်။

စိုင်းသီဟ၏ဆောင်းပါး (စာ-၁၀)

မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေးဌာနအလိုက်အကောင်အထည်ဖော် သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းမီပြီးစီးရေးကြိုးပမ်းလုပ်ကိုင်

ရန်ကုန် မေ ၁၇

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ၁၁ရက် နံနက်၆နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရန်ကုန်-မန္တလေးခြောက်လမ်းသွားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၃၉၃/၃)မိုင်၌ ဒန်းချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

မျိုးကောင်းမျိုးသန့်ဝါစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာရှိ အမ်စီယူ(၉) ချည်မျှင်ရှည်ဝါမျိုးသန့် စိုက်ပျိုးရေးဇုန်သို့ရောက်ရှိပြီး မျိုးကောင်းမျိုးသန့်ဝါ အမျိုးအစားများနှင့်ထွက်ရှိသော ဝါဂွမ်းများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

18-5 (01).p65 1 3/24/05, 8:51 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၁၈ ရက်)

ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝပြည့်စုံရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဒေသဖွံ့ဖြိုးအောင် ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဦးတည်ချက်များချမှတ်ကာ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကျန်ရှိနေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ ၁၆ ရက်က ရန်ကုန်မြို့ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးသည်သာလျှင် မှန်ကန်သော ပြည်ထောင်စု စိတ်ဓာတ်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသားနိုင်ငံရေး အသိစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်”

ပြောကြားသွားသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးတို့တွင် မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ပူးပေါင်း ကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများကို စည်ပင်သာယာရေးဝန်ထမ်းများက အရှိန်အဟုန်မြှင့်တင် ကြိုးပမ်း ဆောင်ရွက် လျက်ရှိသည်။

မြို့ရွာစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသားရေးလုပ်ငန်းများအဖြစ် ခံယူပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဒေသခံပြည်သူများအကျိုးအတွက် စိတ်ကောင်း၊ စေတနာကောင်းများ ထားရှိပြီး ဆောင်ရွက်ပေးသွားကြရန် ဖြစ်ပေသည်။

မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်၊ အခ၊ အကောက်များ ပြည့်ပြည့်ဝဝ ရရှိစေရန်နှင့် အခွန်အခများကို စည်းကြပ်ရာ၌လည်း အခွန်ထမ်း ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် လိုအပ်သကဲ့သို့ ရရှိသည့်အခွန်ဘဏ္ဍာငွေများ အလေအလွင့် မရှိစေရန် စည်းမျဉ်း၊စည်းကမ်းနှင့်အညီ စိစစ်ချွေတာသုံးစွဲ၍ ပြည်သူများအတွက် ထိုက်တန်သည့် မြို့ရွာဖွံ့ဖြိုးမှုအခြေခံလိုအပ်ချက်များကို တည်ဆောက်ပေးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် မြို့ရွာဒေသများရှိ တိုင်းရင်းသား ပြည်သူများ လူမှုဘဝလိုအပ်ချက်များ ပြည့်စုံစေရန်အတွက် စည်ပင်သာယာရေးဝန်ထမ်းများက အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းဖွင့် ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ် လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်း အမှတ်စဉ် (၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာ စေရေးအတွက် နိုင်ငံတော်အတွင်း နည်းပညာရပ်များ ကဏ္ဍစုံမှာ တိုးတက်ဖြစ်ထွန်းလာစေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် အဓိကကျသည့် ဘဏ်လုပ်ငန်းကဏ္ဍ ခိုင်မာတောင့်တင်းစွာ လည်ပတ်ရေးကို အထောက်အကူဖြစ်စေနိုင်ရန် သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခဲ့သည်မှာ (၅)ကြိမ်ရှိပြီ ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများ၏ လက်တွေ့လုပ်ငန်းခွင်တွင် များစွာအသုံးဝင်သည့် ဘဏ်လုပ်ငန်းနှင့် ဆိုင်သော ဥပဒေ၊နည်းဥပဒေများ၊ ဗဟိုဘဏ်၏ အခန်းကဏ္ဍနှင့် ဘဏ်များကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံခြား ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများ စသဖြင့် ဘာသာရပ် စုံစုံလင်လင် ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အတွေ့အကြုံများစွာရှိပြီး ဗဟုသုတ ပြည့်စုံသည့် ဝါရင့်ဘဏ်လုပ်ငန်း ပညာရှင်ပုဂ္ဂိုလ်ကြီးများ၏ ဆွေးနွေးပွဲများသည် လက်တွေ့အသုံးချရာတွင် များစွာအထောက်အကူဖြစ်ပြီး အကျိုးကျေးဇူး ဖြစ်ထွန်းစေမှာ ဖြစ်ကြောင်း၊ သင်တန်းသားများကလည်း မိမိ၏ အရည်အသွေးကို အပြည့်အဝဖော်ထုတ်အသုံးချရန် လိုအပ်သကဲ့သို့ သင်တန်းကရရှိသည့် ပညာရပ်များနှင့် အခြေခံသဘောတရားများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲ တိုးတက်နေသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို မျက်ခြည်မပြတ် လေ့လာ ဆည်းပူးကြရန် လိုအပ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပြီး နည်းပညာ၊ စွမ်းဆောင်ရည်များ၊ အမီလိုက်နိုင်ရန် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ် (၅)ကို မေ ၁၆ ရက်မှ ဇူလိုင် ၁၅ရက်ထိ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းကို ဘဏ်လုပ်ငန်းကဏ္ဍမှသာမက တရားရုံးချုပ်၊ စာရင်းစစ်ချုပ်ရုံး၊ စီးပွားရေးတက္ကသိုလ်နှင့် သမဝါယမ ဒီဂရီကောလိပ်တို့မှ သင်တန်းဆရာများက သင်ကြားပို့ချမည်ဖြစ်ပြီး နိုင်ငံပိုင်ဘဏ်နှင့်ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၃ ဦး တက်ရောက်သည်။ **(သတင်းစဉ်)**

မေ ၁၄ ရက်က ကမ္ဘာ့သွေးတိုးရောဂါကာကွယ် ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဗဟန်းမြို့နယ် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါဆေးကုသဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ခင်မေစန်းက နှလုံးသွေးကြောရောဂါနှင့် သွေးတိုး ရောဂါအကြောင်း ရှောင်ရန်၊ ဆောင်ရန်များ ဟော ပြောစဉ်။ (မြန်မာ့အလင်း)

မြဝတီ ရုပ်မြင်သံကြား

၁၈–၅–၂၀၀၅
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Tenses (ဒုတိယနှစ်–အထူးပြုအားလုံး)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **“ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း”** (အပိုင်း–၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ဗီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (အပိုင်း–၂၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်ရှိ Ever Flow River Manufacturing Co., Ltd. ၏ ခရမ့်ရော်ဘာစက်ရုံ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ စွန့်ပစ်ရော်ဘာများကို အုတ်ကန်အတွင်း ရေစိမ်ခြင်း၊ ဓားစက်ဖြင့် ခြေမွခြင်း၊ ခြင်းတပ် စက်ခါးပတ်အသုံးပြု၍ ရွှေ့ပြောင်းပေးခြင်း၊ ဒုတိယအကြိမ်ဓားစက်ဖြင့် ခြေမွသန့်စင်ပေးခြင်း၊ ဒုတိယအုတ်ကန်အတွင်း လက်များအသုံးပြု၍ မွှေနှောက်သန့်စင်ခြင်းစသည့်လုပ်ငန်း အဆင့်ဆင့်တို့အပြင် Trolley Dryer အခြောက်ခံစက်ဖြင့် အခြောက်ခံကာ မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်သော တာယာနှင့် ရော်ဘာပစ္စည်းမျိုးစုံ ပြုလုပ်နိုင်သည့် ရော်ဘာအခြေခံကုန်ကြမ်းပစ္စည်း ထုတ်လုပ်ရရှိမှုလုပ်ငန်းများနှင့် ကုန်ချော၊ ကုန်ကြမ်းပစ္စည်းသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဧည့်ခန်းမ၌ ခင်းကျင်းပြသထားသည့်ရော်ဘာကုန်ကြမ်းပစ္စည်းများနှင့် စက်ရုံမှ ထုတ်လုပ်သည့် ခရမ့်(Crumb) ရော်ဘာအခြေခံကုန်ချောပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ညွန့်က ကုမ္ပဏီ၏ နောက်ခံသမိုင်းနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ Project အဆင့်(၁)ဖြစ်သည့် မွန်ပြည်နယ် မော်လမြိုင်စက်မှုဇုန်၌ တည်ထောင်ခဲ့ပြီးဖြစ်သော Crumb Rubber စက်ရုံ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေနှင့် တိုးချဲ့လုပ်ကိုင်ဆောင်ရွက်မည့် အစီအစဉ်၊ Project အဆင့်(၂)ဖြစ်သည့် ရန်ကုန်တိုင်းလှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်၌ တည်ဆောက်နေပြီဖြစ်သည့် Rubber Parts Factory နှင့် စပ်လျဉ်း၍ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခရမ့်ရော်ဘာစက်ရုံ

အဆိုပါ ခရမ့်ရော်ဘာစက်ရုံမှ မော်တော်ယာဉ်များတွင် တပ်ဆင်အသုံးပြုရန် ရော်ဘာအခြေခံ ထုတ်လုပ်မည့် ကုန်ချောပစ္စည်း အစိတ်အပိုင်းများ၊ ဆန်စက်များတွင် တပ်ဆင်အသုံးပြုရန် ကုန်ချောပစ္စည်း အစိတ်အပိုင်းများနှင့် အခြားသွင်းကုန် အစားထိုး အသုံးပြုရန် ရော်ဘာအခြေခံထုတ်လုပ်မည့် ကုန်ချောပစ္စည်း အစိတ်အပိုင်းများ(Rubber Parts) များကို လျာထားထုတ်လုပ်လျက်ရှိသည်။

ထို့အပြင် ခရမ့်ရော်ဘာစက်ရုံမှ ထုတ်လုပ်သည့် ကုန်ချော Crumb ရော်ဘာ MSR. 5, MSR.10, MSR.20 နှင့် MSR.50 တို့၏ အရည်အသွေးမှာ ကောင်းမွန်ကြောင်းနှင့် ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကတိုက်ရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသော ကတိုက်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူးဦးလှမြင့်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ စက်ယန္တရား၊ ယာဉ်ရရှိ အသုံးပြုမှု၊ တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့်ရရှိမှု၊ တမံမြေကြီးလုပ်ငန်း၊ ရေထုတ်ပြွန် ကွန်ကရစ်လုပ်ငန်းနှင့် ရေပိုလွှဲလုပ်ငန်းတို့၏ တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဇော်က ဆည်ရေသောက် မြေကြီးလုပ်ငန်း၊ ဆည်ရေသောက်ကွန်ကရစ်လုပ်ငန်း၊ တူးမြောင်းအဆောက်အအုံနှင့် မြောင်းမကြီးအုတ်စီလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စေတနာထားလုပ်ဆောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရသဖြင့် စိုက်ပျိုးရေးတွင် တစ်ဧက ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးနှင့် ပြည်နယ်နှင့်တိုင်းအလိုက် စိုက်ပျိုးမြေများကို ဖော်ထုတ်၍တိုးချဲ့စိုက်ပျိုးနိုင်သလောက် စိုက်ပျိုးကြရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ တမံအပြီး ရေပေးမြောင်းအပြီး တည်ဆောက်နိုင်မှသာ စိုက်ပျိုးရေးအတွက် လုံလောက်သောရေရရှိနိုင်မည်ဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများကို တာဝန်ကျေလျှင်ပြီးရော သဘောမျိုးမလုပ်ဘဲ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် စေတနာထားလုပ်ဆောင်ကြကာ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုကြပြီး မော်တော်ယာဉ်များဖြင့် လုပ်ငန်းခွင်အတွင်း တမံကျောက်စီလုပ်ငန်း၊ ရေထိန်းမျှော်စင်တည်ဆောက်မှု၊ ရေပိုလွှဲလုပ်ငန်း၊ ယန္တရားဖြင့် ရေငြိမ်ကန်တူးဖော်မှု၊ တူးမြောင်းတူးဖော်မှု များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကတိုက် ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တည်ဆောက်လျက်ရှိသော မြေသားတမံဖြစ်သည်။

ရေပေးဝေနိုင်

ကတိုက်ရေလှောင်တမံ စီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ရင်းငြိမ်ချောင်း အောက်ပိုင်းရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ သက်သာစေနိုင်မည့်အပြင် လယ်မြေဧက ၁၀၀၀၀ ကို သီးထပ်စိုက်ပျိုးရန် ရေပေးဝေနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားအနီးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စစ်တောင်း အမှတ်(၁)စက္ကူစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံက တီထွင်ထုတ်လုပ်သည့် စက်အရန်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ ဒုတိယစက်ရုံမှူး ဦးစိုးက ရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးခန်းမ၌ စက်ရုံမှူး ဗိုလ်မှူးပိုက်ထွေးက စက်ရုံ၏သမိုင်းကြောင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဝန်ထမ်းအင်အားအခြေအနေ၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ အလေအလွင့်ထိန်းသိမ်းမှုနှင့် စက်အရန်ပစ္စည်း ထုတ်လုပ်မှုများကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်က စစ်တောင်းအမှတ်(၁)စက္ကူစက်ရုံအတွက် တာနောတမံ တည်ဆောက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်နှင့် ပြည်သူတို့အတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် စက်ရုံဝင်းအတွင်းရှိ ဝါးသိုလှောင်ကွင်းနှင့် စဉ်းပြီး ကုန်ကြမ်းဝါးများကိုလည်းကောင်း၊ View Point မှနေ၍ စက်ရုံအတွက် စစ်တောင်းမြစ် ဝါးတင်ဆိပ်မှ ကုန်ကြမ်းဝါးသယ်ယူတင်ပို့သူများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း စက္ကူထုတ်လုပ်နေမှု လုပ်ငန်းနှင့် ဗလာစာအုပ်ချုပ်လုပ်ငန်း အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံမှတစ်ဆင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၈–၅–၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 ဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကျန်းမာရေးအတွက် သန့်(၄)သန့်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	ကြံမှ သကြားပြည့်စီးပွား
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	လေငန်းရောဂါအား တိုင်းရင်းဆေးဖြင့် ကုသခြင်း
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	UEFA Stories Euro 1972
၈း၃၀	မိုးလေသဝခန့်မှန်းချက်
၈း၃၅	လိုင်စင်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	လိုက်နာကြပါ
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	မေးကြည့် ဖြေကြည့် ပဟေဠိ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သူ့ဘဝ သူ့အနုပညာ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ကြက်လည်လိမ်ကာကွယ်ဆေး ထုတ်လုပ်ပေး
၁၀း၃၅	ကော်ဖီခါးခါးရဲ့ အလှည့်
၁၁း၀၀	MRTV-4 ပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကွယ်လွန်သူ မိခင်ကြီး ဒေါ်ကျင်ရင်အား ရည်စူး၍ လသာမြို့နယ် ၂၄ လမ်း အမှတ် ၁၀(အေ)နေ ဦးဘခင်–ဒေါ်ရှုကြည်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (ကာ–ပ)

ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ ညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ(၁/၂၀၀၅)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီ အဖွဲ့ဝင်များဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊မြန်မာ့သမိုင်းအဖွဲ့ အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်၊ ဂီတပညာရှင် အကယ်ဒမီ ဂီတလုလင်ဦးကိုကို ၊စာရေးဆရာကြီး ဦးခင်အုံး(သုတေသီရာမည ကိုကိုနိုင်)၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးသန့်စင်(ပန်းချီလှတင်ထွန်း)၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုး၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အချိန်မီတင်ပြနိုင်ရေး

ညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုတက္ကသိုလ်အသီးသီး၏ ယခုတင်ပြပါ အစီအစဉ်များအနက် မြန်မာနိုင်ငံတက္ကသိုလ်များ ဗဟိုကောင်စီနှင့် ပညာရေးအဖွဲ့များကောင်စီ အစည်းအဝေးတို့သို့ တင်ပြအတည်ပြုချက်ရယူရန် လိုအပ်သော အစီအစဉ်များကို အချိန်မီတင်ပြနိုင်ရေးအတွက် လိုအပ်သော အချက်အလက်များ ပြုစုပေးပို့ကြရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

အစည်းအဝေး တက်ရောက်လာကြသူများက တက္ကသိုလ်များ၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာကိစ္စရပ်တို့ကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီးနောက် အစည်းအဝေးကို ညနေ ၃ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေပက်စီးပွားရေး တရုတ်ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးပါ

ပေကျင်း မေ ၁၆

အာရှ–ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)သည် ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံပါဝင်မှုသည် အရေးပါကြောင်း တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(စီပီပီစီစီ)အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ လော်ဟော်ကိုင်းက ပေကျင်းမြို့၌ မေ ၁၂ ရက်ကပြောကြားသည်။

လော်ကအေပက်စီးပွားရေး အကြံပေးကောင်စီ၌ အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားလိုက်ခြင်းဖြစ်သည်။

ပါဝင်ဆောင်ရွက်

တရုတ်နိုင်ငံသည် အေပက်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးတက်ရေး အေပက်မူဘောင်နှင့် အညီနယ်ပယ်ကဏ္ဍစုံတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် လူမှုစီးပွားရေးစနစ်ဈေးကွက်ကို အခြေခံကျကျ ထူထောင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံက အခြားအေပက်အဖွဲ့ဝင်နိုင်ငံများတွင် နိုင်ငံခြားကုန်သွယ်မှု မှာ ၇၂ ဒသမ ၇ရာခိုင်နှုန်းရှိကြောင်း၊ အခြားအေပက် အဖွဲ့ဝင်နိုင်ငံများက တရုတ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ရီစီယော်ဟွန်က ၎င်းအစည်းအဝေး၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ မြောက်ဘက် ၂၅မိုင်အကွာ ဘင်ချ်ဒူယောင်းဒေသရှိ စက်ရုံတစ်ရုံ၌ ရေပိုက် သွယ်တန်းရန် ရေပိုက်များကို မေ ၁၅ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဆူနာမီသတိပေးစနစ် ထူထောင်ရန် အကူအညီရရှိရေး ဘင်္ဂလားဒေ့ရှ်ကြိုးပမ်း

ဒါကာ မေ ၁၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆူနာမီသတိပေးစနစ်ထူထောင်ရန် နိုင်ငံခြားအကူအညီရဖို့အတွက် ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိရာ နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များသည် ဒါကာသို့ မကြာမီလာရောက်ကြမည်ဖြစ်သည်။

ဆူနာမီသတိပေးစနစ် ထူထောင်ရေးအတွက် လိုအပ်ချက်များကို ဖော်ထုတ်ရန် အစိုးရအဖွဲ့များဆိုင်ရာ အဏ္ဏဝါဗေဒကော်မရှင် အဖွဲ့တစ်ဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့ မကြာမီလာရောက်မည်ဟု နယူးအေ့ချ်က ကြာသပတေးနေ့၌ သတင်းဖော်ပြခဲ့သည်။

တင်သွင်းခဲ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့်လက မော်ရစ်သျှတွင် ကျင်းပခဲ့သောအိုင်အိုစီအစည်းအဝေး၌ ထိုသတိပေးစနစ်ထူထောင်ရန် ပဏာမအကဲဖြတ်ချက်ကို တင်သွင်းခဲ့သည်။ ငွေချေးမည့်နိုင်ငံများက ဘင်္ဂလားဒေ့ရှ်အပါအဝင် အိန္ဒိယသမုဒ္ဒရာ ၂၇နိုင်ငံအတွက် ဆူနာမီသတိပေးစနစ်ထူထောင်ရေးကို သဘောတူခဲ့ကြသည်။

ဆုံးဖြတ်

ရေကြီးမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ဖြစ်လေ့ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဆူနာမီသတိပေးဌာနထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်မျှော်မှန်းထား

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံသည် ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) နှင့် အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန် အခိုင်အမာမျှော်မှန်းထားကြောင်း ထိပ်တန်းတရုတ်အရာရှိ တစ်ဦးက မေ ၁၂ ရက် ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

မေ ၁၂ ရက် ကြာသပတေးနေ့၌ ပေကျင်းတွင်ဖွင့်လှစ်ခဲ့သည့် တရုတ်–အာဆီယံအိုင်စီတီသီတင်းပတ်အတွင်း အာဆီယံ ၁၀ နိုင်ငံမှ ဝန်ကြီးများအား ဒုတိယဝန်ကြီးချုပ်ဟွမ်ကျူက ထိုသို့ ပြောကြားခဲ့သည်။

ရှာဖွေသင့်

တရုတ်နှင့်အာဆီယံသည်သာတူညီမျှမှု ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးပြုမှုအပေါ် အခြေခံလျက် အိုင်တီကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများကို ပိုမိုစူးစမ်းရှာဖွေသင့်ကြောင်း ၎င်းကပြောကြားသည်။

သီတင်းပတ်ကြာ အလုပ်ရုံဆွေးနွေးပွဲတွင် တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင် အဆိုပြုခဲ့ခြင်းဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲ၏ အကြောင်းအရာမှာ ဘုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်တီကဏ္ဍ မိတ်ဖက်ထူထောင်ခြင်းဖြစ်သည်။

အများဆုံးဖြစ်

တရုတ်နိုင်ငံ၏ အိုင်တီလုပ်ငန်းသည် လွန်ခဲ့သည့်ဆယ်စုနှစ်၌ တစ်ဟုန်ထိုးတိုးတက်ခဲ့သည်။ တရုတ်တွင် တယ်လီဖုန်းအသုံးပြုသူ အရေအတွက်သည် မတ်လ၌ ၆၇၄ သန်းထိရောက်ရှိခဲ့ရာ ကမ္ဘာတွင် အများဆုံးအရေအတွက်ဖြစ်သည်။ အင်တာနက်အသုံးပြုသူ အရေအတွက်မှာလည်း ၉၄သန်းထိ ရောက်ရှိခဲ့ရာ ကမ္ဘာ၌ ဒုတိယအများဆုံး ဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် အင်အားပြင်းထန်သော ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို မေ ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၅

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် မေ ၁၃ ရက်က အမေရိကန်ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ကို ပစ်မှတ်ထားပြီး ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန် စစ်ဘက်က မေ ၁၄ ရက်နေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက်ဘေဂျီမြို့အနီး အဆိုပါဗုံးပေါက်ကွဲမှုကြောင့် အခြားအီရတ်ပြည်သူလေးဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံး

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ပြီးခဲ့သည့် ၂၀၀၃ခုနှစ် မတ်လကစတင်ကာ ကျူးကျော်ဝင်ရောက်ခဲ့ပြီးသည့်အချိန်မှ စတင်ပြီး ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၆၀၀ ကျော် သေဆုံးခဲ့ကြရပြီး ဖြစ်သည်။

တိုက်ခိုက်

ထိုသို့ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် တစ်ချိန်တည်းတွင်ပင် မိုဆူးလ်မြို့ မြောက်ဘက်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း သိရသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အနီးသို့ ချဉ်းကပ်လာသော မော်တော်ယာဉ်နှစ်စီးကို ပစ်ခတ်မှုကြောင့်အီရတ်ပြည်သူငါးဦး သေဆုံးသွားကြောင်းလည်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

အီတလီ ထောက်လှမ်းရေးတစ်ဦး သေဆုံးရမှု ကန့်ပူးပေါင်းဆောင်ရွက်ရန် အီတလီတောင်းဆို

ရောမ မေ ၁၆

အမေရိကန်တပ်ဖွဲ့ဝင်များက အချင်းချင်းမှားယွင်းပစ်ခတ်မှုကြောင့် အီရတ်တွင် အီတလီထောက်လှမ်းရေးတစ်ဦး သေဆုံးခဲ့ရသည့် အမှုကိုတရားရုံးက စုံစမ်းစစ်ဆေးရာတွင် အမေရိကန်အစိုးရအဖွဲ့ ပူးပေါင်းဆောင်ရွက်ရန် အီတလီတရားရေးဝန်ကြီး ရောဘတ်တိုကာ့စ်တဲလ်လီက တောင်းဆိုလိုက်သည်။

ရောမအစိုးရရှေ့နေများ စုံစမ်းဖော်ထုတ်နေသော အဆိုပါအမှုကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းပြုရန် ကာ့စ်တဲလ်လီက ဝါရှင်တန်ရှိ တရားရေးဝန်ကြီး အယ်လ်ဘတ်တိုဂွန် ဇာလက်စ်ထံ ဖုန်းဆက်ပြီး တောင်းဆိုခဲ့သည်ဟု ရောမရှိ သတင်းရပ်ကွက်များက ပြောကြားသည်။

ဖော်ပြ

အဆိုပါမှားယွင်းပစ်ခတ်မှုနှင့် ပတ်သက်၍ အီတလီ၏ စုံစမ်းစစ်ဆေးမှုကို အမေရိကန်ပြည်ထောင်စုက ကြားနာလိုကြောင်း အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး နီကိုလပ်စ်ဘန်းက သောကြာနေ့၌ ပြောကြားခဲ့သည်ဟု အခြားသတင်းတစ်ပုဒ်က ဖော်ပြသည်။

စစ်ဆေး

ရောမသို့ သောကြာနေ့၌ ရောက်ရှိခဲ့စဉ် ဘန်းကအမေရိကန် ပြည်ထောင်စုသည် စစ်ရေးရှုထောင့်မှနေ၍ ထိုကိစ္စကို အိတ်သွန်ဖာမှောက် စစ်ဆေးပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် အီတလီအစိုးရ၏ စုံစမ်းစစ်ဆေးမှုများကို ကြားနာရန် နိုင်ငံရေးရှုထောင့်ကို ဖွင့်ထားကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

ပစ်ခတ်

လမ်း၌ ချထားသော လမ်းအတားအဆီးတစ်ခုကို စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များက မတ်လ ၄ရက်၌ အီတလီထောက်လှမ်းရေးအရာရှိ နီကိုလာကာလီပါရီ လိုက်ပါလာသော ကားကိုပစ်ခတ်ခဲ့သဖြင့် ကာလီပါရီ သေဆုံးခဲ့ရသည်။

အီတလီနှင့် အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ထိုအမှုကိုပူးတွဲစုံစမ်းစစ်ဆေးခဲ့သော်လည်း ကောက်ချက်မချနိုင်ဘဲရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC)က ရေးဆွဲထုတ်လုပ်ထားရှိသော ကွန်ပျူတာစနစ်များအား ဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသူများနှင့် တွေ့ဆုံပွဲ၊ နည်းပညာဖလှယ်ပွဲနှင့်ကွန်ပျူတာစနစ်အသစ်များ မိတ်ဆက်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MCC ၏ နည်းပညာဖလှယ်ပွဲနှင့် ကွန်ပျူတာစနစ်အသစ်များမိတ်ဆက်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

မြန်မာ့ကွန်ပျူတာကုမ္ပဏီ လီမိတက် (MCC) က ရေးဆွဲထုတ်လုပ်ထားရှိသော ကွန်ပျူတာစနစ်များကို ဌာနအသီးသီးတွင် အသုံးပြုလျက်ရှိသူများနှင့် တွေ့ဆုံပွဲ၊ နည်းပညာဖလှယ်ပွဲနှင့် ကွန်ပျူတာစနစ်အသစ်များ မိတ်ဆက်ပွဲ (User Conference 2005) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ MICT Park ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ e-National Task Force ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ဝန်ကြီး ဌာနများအောက်ရှိ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ၊ ကွန်ပျူတာ အသုံးပြုသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC) ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်က မိတ်ဆက် အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ်အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သို့ ပြည်ထောင်စု မြန်မာနိုင်ငံအီလက်ထရွန်းနစ်အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့၊ ဆက်သွယ် ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနတို့အတွက် Executive Support System (ESS Dash Board) တစ်စုံစီနှင့် ESS Dash Board အသုံးပြုနိုင်ရန် အတွက် Tablet PC တစ်လုံးကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူသို့ MCC က တီထွင်ထားသော လူ ၂၀ အသုံးပြုနိုင်သည့် Content Management System(CMS)စနစ်ကိုလည်းကောင်း၊ MCC အဖွဲ့ဝင် News LinkCo., Ltd. အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံက ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ Senior Business Mr.Kenneth Tay က SSA Global on Trend of Enterprise Computing ကိုလည်းကောင်း၊ MCC အဖွဲ့ဝင်News Link Co., Ltd အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံက 'g.MIS Version 2.5' ကိုလည်းကောင်း၊ MCCအဖွဲ့ဝင်များဖြစ်ကြသော Soft Sys အမှုဆောင်အရာရှိချုပ် ဦးအောင်စိုးလင်းနှင့် News Link Co., Ltd. အမှုဆောင်အရာရှိချုပ် ဦးပြည့်စုံတို့က 'MCC e-Solution :Comprehensive and easiest way to Government Informatization'ကိုလည်းကောင်း၊ MCC အမှုဆောင် အရာရှိချုပ် ဒေါ်ချော ခင်ခင်က ' MCC Premium Comprehensive Customer Service Program' ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားတွင် MCC က ၂၀၀၄ ခုနှစ်တွင် အစိုးရဌာနများ အတွက် ထုတ်လုပ်ထားသည့် g-MIS၊ g-ERP နှင့် g-COM ကွန်ပျူတာစနစ်များကို လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် အစိုးရဌာနများ အတွက် ထုတ်လုပ်ထားသည့် DMS၊ CMS၊ KMS ကွန်ပျူတာစနစ်များနှင့် မိမိ အဖွဲ့အစည်း၏ ဖြစ်ပျက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်သိရှိရန် လိုအပ်သည့် အဆင့်မြင့် အရာရှိကြီးများ အတွက် တီထွင်ထုတ်လုပ်ထားသည့် Executive Dash Board စနစ် အကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)

မေတ္တာအောင်စေတီတော် ရွှေထီးတော်တင်လှူ

ရန်ကုန် မေ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကော့ထင်းစံပြကျေးရွာရှိ မေတ္တာအောင်စေတီတော် စိန်ဖူးတော်တင်၊ ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲနှင့် ဌာပနာပိတ်အောင်ပွဲကို ၁၃၆၆ ခုနှစ် တန်ခူးလပြည့်နေ့က အဆိုပါ မေတ္တာအောင်စေတီ ရင်ပြင်တော်၌ ကျင်းပသည်။

မေတ္တာအောင်စေတီ စိန်ဖူးတော်၊ ရွှေထီးတော်အထွတ်တင်လှူပူဇော်ပွဲနှင့် ဌာပနာပိတ်အောင်ပွဲသို့ မွန်ပြည်နယ် သံဃနာယကအဖွဲ့ဝင် ရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုသလ၊ကျိုက်ထိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ကော့ထင်းကန်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒနှင့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကိုးပါးသီလနှင့် ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ထို့နောက် ဦးသန်းမြင့်၊ ဦးမျိုးအောင်၊ ဦးသန်းဌွေးဝင်းတို့ ဦးဆောင်သော ရွှေထီးတော်တင်အဖွဲ့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို အထွတ်သို့တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာအောင်စေတီတော်အား အနေကဇာတင်တော်မူကြပြီး ရေစက်ချအမျှပေးဝေကြသည်။

(က-ပ)

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကျန်းမာရေးဓာတ်ခွဲမှု၊ အစားအသောက်နှင့် ဆေးဝါးဌာနများစစ်ဆေး

ရန်ကုန် မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် ညွှန်ကြားရေးမှူးများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဒုတိယဝန်ကြီးသည် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဗိုင်းရပ်စ်ဌာနစိတ် အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးများ ၊ဒုတိယညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ဓာတ်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူ အရာရှိများနှင့်တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန၏ အရေးပါမှု ကဏ္ဍ၊ရောဂါရှာဖွေရေးဆိုင်ရာ အရေးပါသော ကဏ္ဍများနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ညွှန်ကြားရေးမှူး ဒေါက်တာတင်ညွန့်က ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခများက မိမိတို့ဌာနအလိုက် ဓာတ်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဗိုင်းရပ်စ်ဌာန ဇီဝလုံခြုံရေးဓာတ်ခွဲခန်း အဆင့်(၃) ပြင်ဆင်ထားရှိမှုနှင့် ခေတ်မီစက်ပစ္စည်းကိရိယာများ အသုံးပြုမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တီဘီဓာတ်ခွဲခန်း၊ အဏုဇီဝ အဆိပ်သင့်မှုဆိုင်ရာ ဓာတ်ခွဲဌာန၊ စာကြည့်တိုက်၊ ဗက်တီးရီးယားဗေဒဌာန၊ မှူးယစ်ဓာတ်ခွဲခန်း၊ ရောဂါရှာဖွေရေးဌာန၊ ဇီဝဓာတုဗေဒဓာတ်ခွဲခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်ဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးဒေါက်တာစိုးမြတ်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် ပြည်သူလူထု အန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးပြည့်မီသော အစားအသောက် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ ဆေးပစ္စည်းများကို သေချာစွာ စစ်ဆေးပေးသည့် ဌာနဖြစ်ကြောင်း ပြည်နယ်နှင့်တိုင်း အသီးသီးတွင် ပြည်သူလူထုအကျိုးအတွက် ဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက် ထားရှိရန် ကြိုးစားရမည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြတ်ထွန်းက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များနှင့်ပူးပေါင်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲဌာနခွဲ၏ ဓာတ်ခွဲခန်း၊ ဆေးဘက်ဆိုင်ရာပစ္စည်းအရည်အသွေးစိစစ်ရေးဓာတ်ခွဲခန်း၊ ဇီဝစံ ဓာတ်ခွဲခန်း၊ ဆေးဝါးဓာတုဗေဒဓာတ်ခွဲခန်း၊အစားအသောက် ဓာတုအရည်အသွေးထိန်းဓာတ်ခွဲခန်း၊ အစားအသောက် အဏုဇီဝ အရည်အသွေးထိန်း ဓာတ်ခွဲခန်း၊ ဇီဝနှင့် ဓာတုအန္တရာယ် ကင်းစင်မှု စိစစ်ရေးအစားအသောက်ဓာတ်ခွဲခန်းများရှိ ခေတ်မီဓာတ်ခွဲ စက်ပစ္စည်းကိရိယာများအသုံးပြုမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းက ကြီးမှူးကျင်းပသော ရှေးဦးသူနာပြုစုခြင်း အခြေခံသာမန်အဆင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်က အမှတ်(၇) အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သိန်းက အမှာစကားပြောကြားစဉ်။ (၁၈၀)

18-5 (05).p65 1 3/24/05, 8:51 PM

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်အဆင့်မြှင့်တင်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများအဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းပြသ

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် ဟံသာရိပ်မွန်အိမ်ရာ အဝင်လမ်းထောင့်သို့ ရောက်ရှိလာပြီး ဟံသာရိပ်မွန်အိမ်ရာ အဝင်လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်းနှင့် ဘုရင့်နောင်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေး အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးရှေ့ရှိ ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ဗဟန်းမြို့နယ် ဗဟန်း ၃ လမ်းအတွင်း လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့နယ်၊ ရပ်ကွက်လမ်းများအစဉ်သန့်ရှင်းစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းကြရန်၊ အမှိုက်များ စနစ်တကျ သိမ်းဆည်းစွန့်ပစ်ကြရန်နှင့် လမ်းများအရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဖြူးချောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀	၇။	သီချင်းကြီးပဒေသာ
၁၇း၄၅	၈။	မြန်မာစာ မြန်မာစကား
၁၈း၀၀	၉။	**"စက်မှုတပ်ဆင်လုပ်ငန်းတွင်"** အကယ်ဒမီဇော်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီမို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၈း၀၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	လူငယ်တွေ့ဆုံပွဲနှင့် နှီးနှောဖလှယ်ပွဲ(ပုဂံ)
၁၉း၂၀	၁၅။	တေးဂီတအစီအစဉ်
၁၉း၃၀	၁၆။	တိုင်းဆူပြည်ဖျက်လုပ်ရပ်အား ဆန့်ကျင်ရှုတ်ချပွဲ (ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ်)
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရာမာယဏဇာတ်တော်ကြီးပြိုင်ပွဲ) [ပထမပိုင်း] (ဒုတိယဆု) [ရန်ကုန်တိုင်း]

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံကျင်းပရေးကော်မတီနှင့် (၇)ကြိမ်မြောက် အထွေထွေရောဂါကု ဆရာဝန်ညီလာခံကျင်းပရေးကော်မတီ တို့သည် ဆေးကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ရက်ပြောင်းရွှေ့

ရန်ကုန် မေ ၁၇

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကို (၁၃၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) ၂၀၀၅ ခုနှစ် မေ ၂၈ ရက် (စနေနေ့)အစား (၁၃၆၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) ၂၀၀၅ ခုနှစ် ဇွန် ၄ ရက် (စနေနေ့) တွင် ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်း ထိထိရောက်ရောက်ဖော်ဆောင်နိုင် လာမည့်နှစ်တွင်လည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဝန်ကြီးမှာကြား

ရန်ကုန် မေ ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၁၆ ရက် နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီး တင်ငွေ၊ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဘဏ်လီမိတက်တို့မှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်နှင့်တိုင်းစည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဆောင်ရွက်

ဝန်ကြီးက အမှာစကားပြောကြားရာတွင် စည်ပင်သာယာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အနက် ကျေးလက်နှင့် မြို့ပြလမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် နှစ်ကုန်အထိ ကျေးလက်နှင့် မြို့ပြလမ်းစုစုပေါင်း ၃၀၆၅၇ မိုင် ၇ဖာလုံ၊ တံတားပေါင်း ၁၇၇၂၀ စင်း ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် လာမည့်နှစ်တွင်လည်း အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက် ဆောင်ရွက်သွားရန်လိုကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကြီး(၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သော ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ် စီမံကိန်းအရ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ပြည်နယ်၊တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် ကျေးရွာပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ရွာ ဆောင်ရွက်ပြီး၍ ၆၂ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ တူးဖော်ပြီးသော စက်ရေတွင်းများကို ရေရှည် တည်တံ့ကောင်းမွန်အောင် အစဉ်တစိုက် ထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း။

တီထွင်ကြံဆ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကျေးလက်နေပြည်သူများ လူမှုဘဝမြင့်မားရေးအတွက် ကျေးလက်ဒေသ စံပြအိမ်ရာများကို ရှေ့ပြေး စီမံကိန်းလုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အိမ်အလုံးရေ ၁၆၀၉ လုံးကို နမူနာပြဆောက်လုပ်ပေးနိုင်ခဲ့ပြီး ထပ်မံ၍လည်း အရှိန်အဟုန်မြှင့် ဆောက်လုပ်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြများသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့် အချက်များကို အမြဲလိုက်နာဆောင်ရွက်သွားလျှင် စိမ်းလန်းစိုပြည်သော ဥယျာဉ်မြို့တော်များ၊ သန့်ရှင်းသပ်ရပ်လှပသော မြို့များအဖြစ် တိုးတက်လာမှာဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေသော မြို့များကို အခြားမြို့များက နမူနာယူ၊ စံယူလောက်အောင် တီထွင်ကြံဆပြီး ကြိုးကြပ်ပေးရန် လိုအပ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းတိုင်းသည် ဒေသနေပြည်သူများ၏ အကျိုးပြုလုပ်ငန်းများဖြစ်သောကြောင့် ပြည်သူများ၏အကျိုး ဆောင်ရွက်ပေးသည်ကို ပြည်သူများ နားလည်သိရှိပြီး ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် လုပ်ငန်းစွမ်းဆောင်ရည်လည်း ပြသရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေးအဖွဲ့များ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စည်ပင်သာယာရေးဘဏ် လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ဘဏ်လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြသည်။ ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၄-၂၀၀၅ ခုနှစ် အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ၂၀၀၄-၂၀၀၅ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးကြရာ စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုက လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်က လည်းကောင်း၊ မြို့ပြဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်ကလည်းကောင်း၊ ကျေးလက်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှကလည်းကောင်း၊ ဥပဒေအခွန်နှင့် စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်က လည်းကောင်း ကဏ္ဍာင်းရပ်ခွဲခြား၍ အသီးသီး ပြန်လည်ဆွေးနွေးကြပြီး ညနေပိုင်းတွင် ပထမနေ့ အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၁၇-၅-၂၀၀၅

မကွေး - ၄၅ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)

မုံရွာ၊ မန္တလေး၊ ညောင်ဦး၊ မင်းဘူး၊ ပခုက္ကူ } ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)

● ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာအုပ်စု၏ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးကြိုချည်မျှင် ရှည်ဝါ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ မိုးကြိုချည်မျှင်ရှည်ဝါ အထွက်တိုးရေးအတွက် မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရေး၊ ဒေသတာဝန်ခံများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ တာဝန်ရှိသူများကလည်းအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် ပံ့ပိုးကူညီရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကုက္ကိုစုကျေးရွာရှိ တောင်သူ ဦးမောင်သန်း၏ ကွင်းအမှတ် (၅၁၀–က) ကုက္ကိုစုကွင်း၌ စမ်းသပ်သည့် မိုးကြိုချည်မျှင်ရှည် ဝါမျိုး ခုနစ်မျိုး စိုက်ပျိုးထားပြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ၂၀၀၅–၂၀၀၆ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ လျာထားဧက ၁၃၅၀၀ အနက် ၁၃၅၄၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

စံပြကွက်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် ရန်ကုန်–မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၃၇၃/၅)နှင့် (၃၇၄/၇)ကြားရှိ ဝမ်းတွင်းမြို့နယ်ရာ သချာကျေးရွာအုပ်စု၌ ကင်းတားလက်ဝဲမြောင်းမဆည်ရေဖြင့် စိုက်ပျိုးထားရှိပြီး တစ်ဆက်စပ်တည်း ဧက ၃၀၀ အောင်မြင်ဖြစ်ထွန်းနေသည့် နှမ်းစပါးမျိုးသန့်စံပြကွက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံတောင်သူ လယ်သမားကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နှမ်းစပါးအပါအဝင် ချည်မျှင်ရှည်ဝါကိုလည်း နှစ်သီးစားစိုက်ပျိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ ရာသချာကျေးရွာကွင်းအမှတ် (၁၁၄၇)နှင့် (၁၁၅၀)တို့တွင် စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်ပွားများရန် ဧက(၂၀၀)သတ်မှတ်ပြီး ရိုးရိုးစိုက်ဧက(၇၀၀) စုစုပေါင်းဧက(၉၀၀)စိုက်ပျိုးရန် လျာထားစိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညှိနှိုင်းပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး၌ မိတ္ထီလာလွင်ပြင် ရေရရှိရေး၊ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများကြန့်ကြာမှုမရှိစေရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

အဆိုပါ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်း ငါးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ နည်းလမ်း (၁)အရ ဇော်ဂျီ(မြို့ကြီး)ရေလှောင်တမံတည်ဆောက်ပြီး ကင်းတား ရေလွှဲဆည်သို့ ရေချကာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ရေတင်စီမံကိန်းဖြင့် ရေပေးဝေရန် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၁ နာရီခွဲတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာအနီးရှိ ညောင်ကုန်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးအတွက် နည်းလမ်းငါးသွယ်ဖြစ်သည့် မိတ္ထီလာ ကန်ပြုပြင်ဆောင်ရွက်မှု၊ မိတ္ထီလာကန်အနောက်ဘက် မုန်တိုင်ဆည်အနီး ရေကူကန်များ တည်ဆောက်မှု၊ မြို့လှတမံတည်ဆောက်မှု၊ မြို့ကြီးတမံ တည်ဆောက်မှုနှင့် ကျိုင်းခန်းတမံ တည်ဆောက်မှု လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ချောင်းကောက်တမံမှ လက်ခုပ်ပင်ရေလှောင် တမံတို့မှတစ်ဆင့် ညောင်ကုန်းရေလှောင်တမံတို့မှ မိတ္ထီလာကန်အတွင်း ရေပို့လွှတ်ရေးအတွက် ရေသွယ်မြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ စက်ယန္တရားကြီးများရရှိမှုနှင့် ဇူလိုင်လအတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နည်းလမ်းရှာဖွေ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ပခုက္ကူခရိုင်နှင့် မိတ္ထီလာခရိုင်ရေရှိရေးနှင့် စိမ်းလန်း စိုပြည်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်တာဝန် ပေးအပ်ထားသည့်အားလျော်စွာ မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းများ ကိုအောင်မြင်အောင် ဌာနအလိုက် ဆောင်ရွက်ရမည့်ကဏ္ဍများကို စနစ်တကျလက်တွေ့ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို စ၊လယ်၊ဆုံး အင်တိုက်အားတိုက် ဆောင်ရွက်ကြရန်နှင့် ရေရရှိရေးအတွက် အခြားဖြစ်နိုင်ခြေရှိသည်များကိုပါ စဉ်းစားတွက်ချက်၍ အောက်ခြေအထိ ကွင်းဆင်း ရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ ရှိရင်းစွဲဖြစ်သော ဆည်မြောင်းများ၊ ဆည်ငယ်၊ကန်ငယ်များကို ပြုပြင်မွမ်းမံ ထိန်းသိမ်းပြီး နှစ်တိုအတွင်းရေရရှိရေး၊ စိုက်ဧက တိုးတက်အောင် ဆောင်ရွက်ကြရန် လည်းလိုကြောင်း၊ ထို့အတူလက်ရှိ လုပ်ကိုင်နေသည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးနိုင်ရေးသာမက စမုံဆည်နှင့် မိတ္ထီလာကန်မှ ပိုလျှံလာသည့် ရေများကိုလည်း ထိန်းသိမ်းစုဆောင်းရေးအတွက် နည်းလမ်းရှာဖွေ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့်ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သည့် ညောင်ကုန်း ရေလှောင်တမံကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများ အားမှာကြား စီမံဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် လက်ခုပ်ပင်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး လွန်းငင်ရေလှောင်တမံနှင့် လက်ခုပ်ပင်ရေလှောင်တမံတို့အား ဆက်သွယ်မည့် အရှည်ပေ ၅၄၀၀ ရှိ ဆက်သွယ်မြောင်းကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုကိုလည်းကောင်း၊ လွန်းငင် ရေလှောင်တမံနှင့် တမံကျောက်စီလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ချောင်းကောက်တမံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ချောင်းကောက်ရေလှောင်တမံနှင့် လွန်းငင်ရေလှောင် တမံတို့ကို ဆက်သွယ်ပေးမည့် အရှည်ပေ ၅၀၀၀ ရှိ ဆက်သွယ်မြောင်းကို စက်ယန္တရားကြီးများဖြင့် တူးဖော်နေမှုနှင့် ချောင်းကောက်ရေလှောင်တမံတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ယုဇနဟိုင်းဝေးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် မိတ္ထီလာ စီးပွားရေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဦးသန်းဆွေက ဆရာ၊ ဆရာမများအင်အား၊သင်ကြားနေသည့် ဘာသာရပ်အလိုက် ပြည်နယ်နှင့်တိုင်းများမှ တက်ရောက်နေသည့် ကျောင်းသားဦးရေနှင့် သင်ကြားမှုအခြေအနေတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွှေနန်းသစ်ကုမ္ပဏီ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်သန်းက ပင်မလေးထပ်ဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဘွဲ့နှင်းသဘင်ခန်းမ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းစီမံ ဆောင်ရွက် ပေးပြီး ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်မဆောင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ **(သတင်းစဉ်)**

မေ ၈ ရက်က နာရေးကူညီမှုအသင်း (ရွှေပြည်သာ)သို့ အမှတ် ၂၉/၂၉၄ မြို့ပတ်လမ်းနေ ဒေါ်တင်ဝင်း၊သမီး မချိုချိုလွင်တို့က အသင်း၏ ဩဝါဒါစရိယ ဆရာတော် ရှေ့မှောက်တွင် ကျပ်ငွေ တစ်သိန်းနှစ်သောင်း ပေးအပ်လှူဒါန်းရာ အသင်း ဥက္ကဋ္ဌ ဦးမြတ်ဝေနှင့် တွဲဖက် အတွင်းရေးမှူး ဦးမောင်မောင်စိုး တို့က ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဘင်္ဂလားဒေ့ရှ်သို့တင်ပို့မည့်သုံးဘီးမော်တော်ဆိုင်ကယ်များ သမဝါယမဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

ရေနံချောင်းစက်မှုဇုန်တာဝန်ခံ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဒေါပုံမြို့နယ် မြို့ပါတ်လမ်း သင်္ဘောကျင်းရပ်ကွက် အမှတ်၈/စီ၊ A-2 ဝင်းအတွင်း၌ ရေနံချောင်းစက်မှုဇုန် ပင်းနံ့သာ စက်မှုကုန်ထုတ်သမဝါယမအသင်းက ထုတ်လုပ်သော Race Horce သုံးဘီးမော်တော်ဆိုင်ကယ် အစီး၂၀ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ Highlysen International Developing Co,. Ltd.သို့ တင်ပို့ရန်အတွက် ကွန်တိန်နာထည့်သွင်းရန် စစ်ဆေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ရှင်းလင်းပြသ

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦး၊ သမဝါယမ ပို့ကုန် သွင်းကုန်လုပ်ငန်းအထွေထွေမန်နေဂျာ ဦးစောဦးနှင့် ပင်းနံ့သာစက်မှု ကုန်ထုတ်သမဝါယမအသင်း ဒါရိုက်တာဦးမျိုးနိုင်တို့က ကုန်ပစ္စည်း စစ်ဆေးမှု၊ ထုပ်ပိုးထားရှိမှု အခြေအနေ၊ ကွန်တိန်နာများဖြင့် သင်္ဘော တင်မည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

အဆိုပါ သုံးဘီးမော်တော်ဆိုင်ကယ် အစီး၂၀ကို ရန်ကုန်မြို့ Asia World ဆိပ်ကမ်းမှ ယနေ့တွင် MV: Sea Merchant သင်္ဘောဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်းနှင့် ပထမဆုံးအကြိမ် တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးဝါးရောင်းချမှု အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့် သက်ဆိုင်သည့်အလုပ်ရုံ ဆွေးနွေးပွဲ အပတ်စဉ်(၃)ဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက်က သိမ်ဖြူလမ်း အမှတ်(၄၄)ရှိ ကျန်းမာရေးစီမံကိန်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းမှူးဒေါက်တာမိမိကိုက အလုပ်ရုံဆွေးနွေးပွဲအကြောင်းရှင်းပြသည်။အလုပ်ရုံဆွေးနွေးပွဲသို့ဆေးဝါးရောင်းချမှုနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ် ၅၆ ဦး တက်ရောက်ကြကာ ရက်သတ္တပတ် သုံးပတ်ကြာ ဆွေးနွေးကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းစွမ်းတမံစွမ်းဆောင်ရည်ဆုဖိတ်ခေါ်

ရန်ကုန် မေ ၁၇

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် မြန်မာနိုင်ငံအတွင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များမှ ထိရောက်အောင်မြင်စွာ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သုံးဦးကို စိစစ်ရွေးချယ်၍ ၂၀၀၅ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်ဂုဏ်ပြုရန် စီစဉ်ထားသဖြင့် မြန်မာနိုင်ငံအတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထိရောက်အောင်မြင်မှု အခြေအနေများကို ပူးတွဲပုံစံတွင် ဖြည့်စွက်ဖော်ပြလျက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး (သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် မျက်နှာချင်းဆိုင်ရှေ့ရှိ အဆောက်အအုံသုံးထပ်ဆောင်၏ အပေါ်ဆုံးထပ်) ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာ ရိပ်သာလမ်းသွယ် ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ မေ ၂၇ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ အဆိုပြုပေးပို့ကြရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်ရွှေ ရွှေဂူစာသင်တိုက် (၄၉) နှစ်ပြည့်အခမ်းအနားနှင့်ဂုဏ်ပူဇော်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူစာသင်တိုက် (၄၉)နှစ်ပြည့် အထိမ်းအမှတ် မဟာဓမ္မသဘင်ပွဲတော်နှင့် အဘိဓဇဝိနယဓရပူဇော်ပွဲကို မေ၁၂ရက် နံနက်၁၀နာရီခွဲက အဆိုပါစာသင်တိုက်၌ ကျင်းပသည်။ အခမ်းအနားသို့ သာသနဝိပုလ ရွှေဂူစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိလာသာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားတော်များနာယူ

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ညောင်ရွှေမြို့ မြို့လယ်ရပ် ရတနာမာရ်အောင် စေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး မင်္ဂလာဦးမြသောင်းနှင့် အဆိုကျော် ဒေါ်ခင်သန်းမြင့်တို့က အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရွှေဂူစာသင်တိုက် နာယကဆရာတော်ကြီးနှင့် ဝိနယဓရ ဝိနယဝိဒူဘွဲ့ရ အရှင်ဓမ္မနာဒတို့အား ဂုဏ်ပူဇာ ဂါထာတော်ဖြင့် ရွတ်ဆိုပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးတို့က အပူဇော်ခံ ရွှေဂူဆရာတော်ကြီးနှင့် အရှင်ဓမ္မနာဒတို့အား အဘိဓဇဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မော်လမြိုင်မြို့ ဝါးခယ်မကျောင်းတိုက် ရွှေမြိုင်ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

လူဝင်မှုကြီးကြပ် ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား ဌာန တွင်း အရာရှိ များ မွမ်းမံ သင်တန်း အမှတ်စဉ် (၁၀) သင်တန်း ဆင်းပွဲတွင် ဆု ရရှိသူ တစ်ဦး အား ဆုချီးမြှင့် စဉ်။

(လဝက)

မိဘဂုဏ်ရည် သွေးလှူအသင်း အကြိမ်(၂၃၀)မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၁၇

မအူပင်မြို့နယ် မိဘဂုဏ်ရည် သွေးလှူအသင်း၏ အကြိမ်(၂၃၀)မြောက် သွေးလှူဒါန်းပွဲအခမ်းအနားကို မေ၁၂ရက် နံနက်ပိုင်းတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ကျင်းပပြီး ရေစက်ချလှူဒါန်းပွဲကို တာမွေမြို့နယ် ဆုထူးပန် ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်တွင်ကျင်းပရာ သွေးလှူအသင်း၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၊ သွေးလှူအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် သွေးလှူရှင် ၅၄ဦးတို့ တက်ရောက်ကြပြီး ဒေါက်တာဝင်းရွှေစင်နှင့် တာဝန်ရှိသူများက သွေးပုလင်းများလက်ခံရယူကာ ရေစက်သွန်းချအမျှပေးဝေသည်။ဦးညွန့်ဝေ-ဒေါ်မြကြည်မိသားစုတို့က သွေးလှူရှင်တို့အား ထမင်းအာဟာရဒါန၊မော်တော်ယာဉ်ဒါန လှူဒါန်းကြကြောင်းသိရသည်။**(က-ပ)**

ဌာနတွင်းအရာရှိများ မွမ်းမံသင်တန်းဆင်းပွဲ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက် ၁၀နာရီ က ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပသော ဌာနတွင်း အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းတွင် ဆုရရှိကြသူများနှင့် သင်တန်းနည်းပြများအား ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ဆုများနှင့် ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်စောလွင် တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးလေ့လာခဲ့

ရန်ကုန် မေ ၁၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် ခေါင်းဆောင်သည့် မြန်မာ့စက်မှုကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Li Cheng Yu ၏ ဖိတ်ကြားချက်အရ မေ ၈ရက်မှ ၁၅ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေး၊ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသော ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံတည်ဆောက်ရေး စီမံကိန်းကိစ္စ၊ မြေတူးမြေကော်စက် Bull Dozer, Hydraulic Excavator စက်ရုံတည်ဆောက်ရေး စီမံကိန်းကိစ္စများ၊ ရေဒီယယ်တာယာစက်ရုံ တည်ဆောက်ရေး စီမံကိန်းကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးရန်နှင့် စက်ရုံများလေ့လာရန် သွားရောက်ခဲ့သည်။

ဆွေးနွေးညှိနှိုင်း

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မေ ၈ရက်တွင် ကူမင်းမြို့၌ South Asia Economic and Technical Cooperation Group (SACO) ဥက္ကဋ္ဌ Mr. Carol Auyang ၊ XJ Group Corporation ဒုတိယဥက္ကဋ္ဌ Mr. Gon Kai တို့ ခေါင်းဆောင်သည့် အဖွဲ့နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် တာယာများ၊ ရော်ဘာကုန်ကြမ်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချရေး ကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဝန်ကြီးသည် မေ ၁၀ရက်တွင် ဟေနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး Mr. Shi Jichun နှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများ၏ ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

စက်ရုံများလေ့လာ

ဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း ဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံ စီမံကိန်း ကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဟေနန်ပြည်နယ် စုချန်းမြို့ရှိ XJ Group Corporation ၊ လော့ရန်မြို့ရှိ SCIVIC Engineering Corporation , Henen Diesel Engine Plant တို့၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ဆွေးနွေးခြင်း၊ စက်ရုံများ လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ရှန်ဒေါင်းပြည်နယ် ဂျီးနင်းမြို့၌လည်း မြေတူးမြေကော်စက် စက်ရုံတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို Shantui Construction Machinery Co., Ltd. မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စက်ရုံများလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးသည် ဘေဂျင်းမြို့၌ China CAMC Engineering Co., Ltd. (CAMCE) နှင့် Shenzhen Hubei Baofen Industrial Co., Ltd. တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ၌ ရေဒီယယ်တာယာစက်ရုံ တည်ဆောက် ရင်းနှီးမြှုပ်နှံရန် ကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး မေ ၁၅ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်ငါးဦး လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် စော်ဘွားကြီးကုန်းရပ်ကွက် ထန်းပင်ကုန်း ကိုယ့်အားကိုယ်ကိုး သဇင်လမ်း ပေ ၈၀၀နှင့် နှင်းဆီလမ်း ပေ၇၀၀ စုစုပေါင်း ပေ၁၅၀၀အရှည် ကတ္တရာလမ်း အလှူရှင်များ ဂုဏ်ပြုပွဲကို မေ ၈ရက်က အဆိုပါလမ်းထိပ် ရွှေရည်ဦးသစ်ခွခြံခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်က မတည်အလှူငွေကျပ် ၇၃သိန်း လှူဒါန်းသည့် ပင်မအလှူရှင် ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ (သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း) အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ကွက်ကျားမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

လမ်းမတော်မြို့နယ် အမှတ်(၉) ရပ်ကွက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲကို မေ ၆ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်တိုးတက်စေရေး ဆောင်ရွက်ကြရန် တိုက်တွန်းစကား ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသတွင် မိုးထစ်ချုန်းနိုင်

ရန်ကုန် မေ ၁၇

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၁ဒသမ ၂၂လက်မနှင့် ကိုကိုးကျွန်းတွင် ၀ဒသမ ၈၃လက်မ တို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းတွင် ဖြစ်မြဲထက် ၉ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ မကွေးမြို့တွင် ၄၅ ဒီဂရီ စင်တီဂရိတ်၊ မုံရွာမြို့၊ မန္တလေးမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၁၈ရက်နေ့ ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်။

(မြန်မာ့အလင်း)

■ **ရှေ့ဖုံးမှ**

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးမြင့်အောင်၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ဆေးရုံအုပ်ကြီးဒေါ်နုနုသာနှင့် သမားတော်ကြီးများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် သမားတော်ကြီးများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညနေ ၆ နာရီခွဲတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်လှကြင်နှင့် သမားတော်ကြီးများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးရှိ ဒဏ်ရာရလူနာများ၏ ဆေးဝါးကုသခံယူမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီးနောက် ည၇ နာရီတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ပံ့ပိုးကူညီပေး

အဆိုပါ ဒဏ်ရာရလူနာများ တက်ရောက်ဆေးဝါးကုသလျက်ရှိသည့် ဆေးရုံများတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုပေါင်းလျက် ရုံးခန်းများဖွင့်လှစ်ထားရှိပြီး လူနာများအတွက်နံနက်စာအပါအဝင် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက် လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တွင်း မေ ၇ ရက်က ဗုံးပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသောလူနာများ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘွက်ကြီးတံတားတည်ဆောက်မှုစစ်ဆေး ပေအရှည်၁၇၇၀ရှိပြီး ယာဉ်သွားလမ်းနှစ်လမ်းပါ သံကူကွန်ကရစ်တံတားဖြစ်

ရန်ကုန် မေ ၁၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ ၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ် ရန်ကုန်–ပြည်–မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် (၄/၂၁၂)ဘွက်ကြီး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရန်ကုန်–ပြည်–မန္တလေးလမ်းပေါ်ရှိ ဘွက်ကြီးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

မှာကြား

စီမံကိန်းလုပ်ငန်းခွင်ရုံး ရှင်းလင်းခန်းမတွင် တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာချုပ် (တံတား) ဦးမြင့်လွင်က တံတားတည်ဆောက်မည့်အစီအမံနှင့် လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဧရာဝတီတံတား(ရတနာပုံ)မှ ဘိုးပိုင်စက် ဖြည့်ဆည်းပေးမည့် အစီအစဉ်နှင့် လာမည့် မိုးရာသီတွင် ရေတက်သည့်ပမာဏ၊ တူးဖော်ထားသည့် ရေခေါ်တူးမြောင်း (Pilot Channel)မှ ရေစီးမှုတို့ စောင့်ကြည့်မှတ်သားရန်နှင့် တည်ဆောက်ရေး ပစ္စည်းများ အလေအလွင့်နည်းစွာဖြင့် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ဘက်ခြမ်းရှိ ချဉ်းကပ်တံတားတိုင် (PP -6)၌ ဘိုးပိုင်ကွန်ကရစ် သွန်းလောင်းခြင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်မြို့သို့ထွက်ခွာသည်။

သံကူကွန်ကရစ်တံတား

ဘွက်ကြီးတံတားမှာ စုစုပေါင်း အရှည်ပေ ၁၇၇၀ရှိပြီး ပင်မတံတားတွင် ပေ ၁၀၀ ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မခြောက်ခန်းနှင့် ချဉ်းကပ်တံတားတွင် ၆၅ပေ၊ သံကူကွန်ကရစ် ရက်မ ၁၈ ခန်းပါဝင်သည့် နှစ်လမ်းသွား၊ ယာဉ်သွားလမ်း ၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိသည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ယခုအခါ ပြည်ဘက်ချဉ်းကပ်တံတားမှ တံတားတိုင်နှစ်ခု ပြီးစီး၍ ကျန်တိုင်များတွင် ဘိုးပိုင်တူးခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၁ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက (၃၅)စံပြရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ရန်ကုန်တိုင်း ဦးစီးမှူး ဦးတင်အောင်နှင့် အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးကံညွန့်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၄၀၀)

မင်္ဂလာဗျူဟာသင်တန်းဖွင့်မည်

ရန်ကုန် မေ ၁၇

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၁၇) ကြိမ်မြောက် Course on Buddha Desana အခြေခံအဆင့်၊ အလယ်တန်းအဆင့်တို့အား မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတွဲဖက်၍ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိဌာနမှ တွဲဖက်ပါမောက္ခဆရာဦးလှမြင့်နှင့် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာတင်သိန်းလွင်တို့က မေ၂၈ရက်မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေနေ့)တိုင်း မွန်းတည့်၁၂နာရီမှ မွန်းလွဲ၂နာရီအထိ သင်ကြားမည်ဖြစ်ရာ အင်္ဂလိပ်စာ အခြေခံရှိသူတိုင်း မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။**(၃၅၂)**

ရွှေစေတီတစ်ဆောင် ရွှေထီးတော်တင်လှူခြင်းနှင့် ညောင်ရေသွန်းပူဇော်မည်

ရန်ကုန် မေ ၁၇

ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာအုပ်စု ဂန္ဓမာဒနတောင်တော် ရွှေစေတီတစ်ထောင် သာသနာ့နယ်မြေ၌ သာသနာပြုဆရာတော်ဘဒ္ဒန္တဝါသိဋ္ဌအား ဦးထိပ်ထားလျက် ၁၃၆၇ ခုနှစ်(ကဆုန်လပြည့်နေ့) မေ၂၂ရက်၌ ဝိဇယစန္ဒာရွှေစေတီတော်မြတ်ကြီးနှင့် မဟာလောကရံသီရွှေစေတီတော်မြတ်ကြီးတို့ကို ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ယင်းနေ့ညနေ မဟာဗောဓိပင်အား ညောင်ရေတော် သွန်းပူဇော်မည် ဖြစ်သည်။ လိုက်ပါလှူဒါန်းလိုသူများ ဒေါ်မုန်း ဖုန်း–၀၁–၅၇၁၁၅၁၊ ဦးမောင်လှ ဖုန်း–၀၁–၆၄၂၆၈၇နှင့် ဦးသိန်း ဖုန်း– ၀၄၄–၂၁၂၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန်လေ့ကျင့်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈ နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ရောက်ရှိပြီး ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် မျိုးဆက်သစ်ဒိုင်ဗင်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပဏာမလက်ရွေးစင်ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရွေးချယ်လေ့ကျင့်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စိတ်ဓာတ်မြင့်မြင့်မားမားဖြင့် စည်းကမ်းကို လိုက်နာ၍ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားကြရန် အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုးစားလေ့ကျင့်

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်းရှိ ပဏာမလက်ရွေးစင် စားပွဲတင်တင်းနစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လေ့ကျင့်မှုအခြေအနေများကိုတင်ပြကြပြီး ဝန်ကြီးက နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကို ကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုစိတ်ဓာတ်အမြဲတေတည်ရာအမိမြေကို သိကြားစေသက်သေညွှန်းလိုက်ပါသည်

ခိုင်း သီဟ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ၂၂-၄-၂၀၀၅ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲအမှတ်စဉ် (၃/၂၀၀၅)ကို ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး အမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာလောကမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းရှိ စာနယ်ဇင်းများမှ တာဝန်ခံ အယ်ဒီတာများနှင့် အခြား ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲ၏ အဓိကအကြောင်းရင်းမှာ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအတွက် အလွန်အန္တရာယ်ကြီးမားသည့်လုပ်ရပ်ကို ပဒေသရာဇ်ဥာဥ်စွဲမပြုတ်သည့် နယ်ချဲ့လက်ပါးစေ လူမျိုးရေးအမြင်ကျဉ်းဝါဒီ လက်တစ်ဆုပ်စာ လူတစ်စုက ကျူးလွန်ခဲ့သည့် အမျိုးသားရေးသစ္စာဖောက်လှုပ်ရှားမှုကြီး (The Great Conspiracy) အကြောင်းကို ခရေစေ့တွင်းကျ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သည်။

မြန်မာတိုင်းရင်းသား ပြည်သူအပေါင်းတို့အတွက် မင်္ဂလာရက်မြတ် နှစ်ဆန်းကာလ ၁၇-၄-၂၀၀၅ရက်နေ့တွင် စဝ်ခမ်ဖနှင့်အပေါင်းပါ ပြည်ပြေးပုဆိန်ရိုးတစ်စုက ပြည်ပတစ်နေရာမှ ၎င်းတို့ကိုယ်ကို ၎င်းတို့ သူကောင်းပြု ရာဇဘိသိက် ခံယူသွားကြခြင်းဖြစ်သည်။ မရှေးမနှောင်း ဆိုသလို ၁၉-၄-၂၀၀၅ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက အဆိုပါ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါ တစ်စုအား မတရားအသင်းအဖြစ်ကြေညာခဲ့သည်။ ဆင့်ပွားဆက်တိုက် ဆိုသလိုပင် နိုင်ငံတော်အစိုးရနှင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ထားကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံး၊ ထုထည်အင်အားအကြီးမားဆုံး မြန်မာနိုင်ငံ၏ လူဦးရေထက်ဝက်အင်အားရှိ မျိုးဆက်သစ်တို့စုစည်းရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့် အခြားလူမှုရေးအသင်းအဖွဲ့အားလုံးက မိမိတို့၏ ဆန္ဒသဘောထားများ ထုတ်ပြန်ကြေညာပြီး အဆိုပါ အမျိုးဘာသာ၊ သာသနာဖျက်အုပ်စုကို တုံ့ပြန်ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ ပို၍ ထူးခြားသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တရားဝင်နိုင်ငံရေးပါတီ ၁၀ပါတီစလုံးကပါ ပြည်ပြေးစဝ်ခမ်ဖတို့၏ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်ကို အသီးသီး ထုတ်ပြန်ခဲ့ကြခြင်းဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာ ဖြစ်စဉ်များ၏ အနှစ်သာရကို ကောက်ချက်ချရသော် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးလာပါက ဆတ်ဆတ်ထိမခံကြသည်ကို တွေ့မြင်နိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်ဓာတ်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မျိုးချစ်စိတ်ဓာတ်များကသာ မှန်ကန်သည့် "ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်" ဖြစ်ကြောင်း ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

၁၇-၄-၂၀၀၅ရက်နေ့ကာလသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းသည့် ရက်မြတ်ချိန်ခါ မင်္ဂလာဖြစ်သည်။ ဤနေ့ထူးနေ့မြတ်ကိုမှ တမင်ရွေး၍ ကိုလိုနီဝါဒ ဟောင်း၏ အမွေကို ဆက်ခံသော နယ်ချဲ့လက်သစ်ဆရာကြီးများ၏ အလိုကျ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတို့က အမင်္ဂလာ အမှုပြုလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ရှင်းလင်းတင်ပြချက်သည် ပုဂ္ဂလဓိဋ္ဌာန်နှင့်ဆန္ဒစွဲမပါ။ အဂတိတရားကင်းကင်း ရှင်းရှင်းဖြင့် သမိုင်းသက်သေတည်၍ ယထာဘူတ အမြင်ကျသော သမိုင်းစဉ်ဝါဒရှုထောင့်မှ ရှင်းလင်းတင်ပြ သွားခြင်းဖြစ်သည်။

"နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားသည်သာ ပဓာန" ဟူသော ပြဋ္ဌာန်းချက်ဖြင့် တပ်မတော်အစိုးရ၏ ဆံခြည်တစ်မျှင်မျှ မတိမ်းမယိမ်းသော ခံယူချက်၊ သဘောထား ရပ်တည်ချက်ကို ခိုင်မာပြတ်သားစွာ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သဖြင့် တိုင်းရင်းသားပြည်သူ အပေါင်းကလည်း နှစ်ထောင်းအားရ ကြိုဆို လက်ခံခဲ့ကြသည်။

ယခုမှပေါ်လာသော ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုသည်လည်းကောင်း၊ ၎င်းတို့ထက်စော၍ နိုင်ငံတော်အား သစ္စာဖောက်ခဲ့ပြီးဖြစ်သည့် ပြည်ပြေးစိန်ဝင်းနှင့် အပေါင်းပါတစ်စုတို့သည်လည်းကောင်း၊ ၎င်းတို့ထက် ရှေးဦးကျသော ပြည်ပြေးကြီးများသည်လည်းကောင်း ကာလဒေသပယောဂ အခြေအနေကိုလိုက်၍ အသွင်သဏ္ဌာန်များ မတူညီကြစေကာမူ အဖျက်အင်အားစုများ (Destructive Elements)ဖြစ်သည်ဟူသော အတွင်းသရုပ်တွင် တူညီကြကြောင်း တွေ့ရှိရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အထည်ကြီးပျက်များ၏ ဥာဥ်အတိုင်း တစ်ချိန်က ရွှေထီးဆောင်းခဲ့သည့်အတိတ်ကို လှေနံဓားထစ် တရားသေမှတ်ယူကာ ငါတကောကောနေကြသူများ ဖြစ်သည်။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတို့၏ အမျိုးသား သစ္စာဖောက်လုပ်ရပ်ကိုတစ်ခဲနက် အုံကြွ၍ တုံ့ပြန်ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်အသီးသီးကို ထုတ်ပြန်ခဲ့ကြသော အင်အားစုတို့သည် ပစ္စုပ္ပန် မြန်မာ့လူ့ဘောင်သမိုင်း၏ တည်ဆောက်ရေးအင်အားစု၊ ကာကွယ်ရေးအင်အားစု၊ အပြုအင်အားစု(Constructive Elements)များပင် ဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားကသာ အရာရာကို ပြဋ္ဌာန်းသည်ဟူသော သဘောထားခံယူချက်ထားရှိသည့် အင်အားစုများဖြစ်သည်။ တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးမှ အမျိုးသားအင်အားစု တစ်ရပ်လုံးဟုပင် ဆိုနိုင်သည်။ ခေတ်စကားအရပြောရလျှင် လူအများစုဖြစ်၍၊ ရာနှုန်းပြည့်ဖြစ်၍ အများစု၏သဘောဆန္ဒက အဖျက်အင်အားစု၏၊ လက်တစ်ဆုပ်စာ၏ သဘောဆန္ဒကို လွှမ်းမိုးသဖြင့် ဒီမိုကရေစီနည်းလမ်းကျပေသည်။

ကျင်းပဆဲ အမျိုးသားညီလာခံ၏ ရရှိပြီး အရှိန်အဟုန်သည်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင် လဲလှယ်သွားခဲ့ သည့် SSNAတပ်မဟာ (၁၁)တပ်မဟာမှူး ဦးကန်နနှင့် တပ်ဖွဲ့ဝင်များ၊ ဦးအိုက်မုန်း ဦးစီးသည့် PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ အဖွဲ့ဝင်များ၏ တိုင်းပြည်နှင့် လူမျိုးအပေါ်ထားရှိသည့် ဖြူစင်သော မနောအလုပ်တို့သည်လည်းကောင်း နှစ်သစ်ကိုမင်္ဂလာအပေါင်းနှင့် ခညောင်းစေသော အပြုသဘောဆောင်သည့် တိုးတက်သော လူမှုရေးလှုပ်ရှားမှုများပင် ဖြစ်သည်။

အမှန်နှင့်အမှား၊ အပြုနှင့်အဖျက်၊ အလင်းနှင့်အမှောင်တို့၏ သဘာဝသည် ယင်းတို့၏ဆက်ထုံးမှတ် (Nodal Point) သို့ ရောက်ရှိစမြဲပင်။ အစဉ် ဒွန်တွဲ လွန်ဆွဲအားပြိုင်လျှက်ရှိကြသည်။

မျက်မှောက်ကမ္ဘာသည် ကိုလိုနီလက်ဟောင်းဝါဒ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သော်လည်း ယင်းဝါဒစနစ်ကို အသွင်သစ်တစ်မျိုးဖြင့် ဖော်ဆောင်လျက် ရှိသည့် ကိုလိုနီလက်သစ်တို့၏ ခြေရာလက်ရာမကင်းသော လုပ်နည်း လုပ်ဟန်တို့ဖြင့် ပျားပန်းခပ်လှုပ်ရှားနေသည့် ကာလဟုပင် တင်စားခေါ်ဆိုနိုင်ပေသည်။

ရှေးပဝေသဏီနှစ်ပေါင်းထောင်နှင့်ချီ၍ အမိပြည်ထောင်စု၏ ဘူမိနက်သန်မြေတွင် အေးအတူပူအမျှ လက်တွဲမဖြုတ်ခဲ့ကြသည့် မြန်မာ့သမိုင်းသည် ၁၉၄၇ ခု ပင်လုံစာချုပ်ဖြင့် စည်းလုံးညီညွတ်မှု မှတ်တိုင် တစ်တိုင်ကို စိုက်ထူနိုင်ခဲ့သည်။

ပင်လုံစာချုပ်ကို တိုင်းရင်းသား သွေးချင်းသားချင်း ညီအစ်ကိုမောင်နှမများက နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြားမှ ခက်ခက်ခဲခဲ အားထုတ်ကြိုးပမ်း ချုပ်ဆိုခဲ့ရကြောင်း အပြုအင်အားစုများက သဘောပေါက်နားလည်ထားကြသည်။

မစားရသည့်အမဲ သဲနှင့်ပက်လေ့ရှိသော နယ်ချဲ့တို့သည် ၎င်းတို့ကျွန်ပြုထားသော ကိုလိုနီပိုင်နက် နယ်မြေများကို "စားရမှာလည်း သဲနှင့်တရှပ်ရှပ်- ပစ်ရမှာလည်း အဆီနှင့်တဝင်းဝင်း"သဘောထားဖြင့် ဖရိုဖရဲပြိုကွဲစေရန် မတတ်သာ၍ လက်လွှတ်ခဲ့ရသည့်တိုင် အစိတ်စိတ်အမြွှာမြွှာ ဖြစ်အောင် သပ်လျှိုသွေးခွဲခဲ့ကြကြောင်း သမိုင်းသက်သေအထင်အရှားရှိပေသည်။

ယခုအခါတွင် အဆိုပါ ကိုလိုနီနယ်ချဲ့တို့၏ မာယာထောင်ချောက်အတွင်းသို့ ပြည်ပြေး ဓာတ်ပျက် အထည်ကြီးပျက်များက ခိုဝင်ဆည်းကပ်ကာ ပြည်ထောင်စု ပြိုကွဲအောင် အစီအမံရှိရှိဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တိုင်းရင်းသားပြည်သူအပေါင်းက အစဉ်သတိပြု တွန်းလှန် ဖယ်ရှားသွားကြရမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

"နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားသည်သာ ပဓာန"ဟူသော ပြဋ္ဌာန်းချက်ဖြင့် တပ်မတော်အစိုးရ၏ ဆံခြည်တစ်မျှင်မျှ မတိမ်းမယိမ်းသော ခံယူချက်၊ သဘောထားရပ်တည်ချက်ကို ခိုင်မာပြတ်သားစွာ ရှင်းလင်းတင်ပြသွားခြင်းဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအပေါင်းကလည်း နှစ်ထောင်းအားရ ကြိုဆိုလက်ခံခဲ့ကြ။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းအောင်မြင်မှုအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ်ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁၇

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အောင်မြင်မှုအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်များတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

စည်ကားစွာကျင်းပမည်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ငါးနှစ်တစ်ကြိမ် ရွှေစင်ရွှေပြားများ ကပ်လှူလျက်ရှိရာ ယခုနှစ်တွင် ရွှေစင်ရွှေပြားရွှေသင်္ကန်းများ အောင်မြင်စွာကပ်လှူခဲ့ပြီးဖြစ်၍ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချမဟာမင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ ကျင်းပရာတွင် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘက်စုံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်ကြပြီး အများကြည်ညိုဖွယ်ရာဖြစ်အောင် ညှိနှိုင်းပေါင်းစပ် စီစဉ်သွားရမှာဖြစ်ကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့်အစီအစဉ်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင် က ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ရေစက်ချ မဟာမင်္ဂလာ အခမ်းအနားကျင်းပမည့် အခမ်းအနား အစီအစဉ်အသေးစိတ်ကိုလည်းကောင်း၊ ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသန့်ဇင်က အလှူငွေကောက်ခံရရှိမှု အခြေအနေနှင့် ရွှေစင်ရွှေပြားကပ်လှူခဲ့မှုအခြေအနေကို လည်းကောင်း၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးက ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ကြီးများအား ကြိုဆိုပင့်ဆောင်ရေး အစီအစဉ်များကိုလည်းကောင်း၊ ဂေါပကအဖွဲ့ဝင် ဦးကြီးမြင့်က ရွှေစင်ရွှေပြားကပ်လှူခြင်း လုပ်ငန်းများ အောင်မြင်ချောမွေ့အဆင်ပြေစွာ ဆောင်ရွက်ခဲ့မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

မဟာသံ့ဃာရုပ်ရှင်တော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မေ ၁၇

အင်းစိန်မြို့နယ် တောင်သုကန်ရပ်ကွက် ဘိုကုန်းဧယျာသိဒ္ဓိ(မဟာသံ့ဃာရဘုရားကျောင်း)တွင် သီတင်းသုံးလျက်ရှိသော မဟာသံ့ဃာရရုပ်ရှင်တော်မြတ်ကြီးကို မဟာသံ့ဃာရဆရာတော် ပထမကျော်၊ ဓမ္မာစရိယ၊ ဘီအက်စ်စီ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၂၂ ရက် (ကဆုန်လပြည့်နေ့)နံနက် ၉ နာရီအချိန်တွင် အဆိုပါ ဧယျာသိဒ္ဓိ(မဟာသံ့ဃာရဘုရားကျောင်း)တွင် ကျင်းပမည်ဖြစ်ရာ ပါရမီရှင်များနှင့် ဘုရားဒါယကာ ဒါယိကာမများ အချိန်မီကြွရောက်ကြရန်နှင့် ပန်း၊သစ်သီးကပ်လှူလိုသူများ၊ ပုတီးစိပ်၊ ဆုတောင်းအဓိဋ္ဌာန် ဝင်လိုသူများသည် မေ ၂၁ ရက် (စနေနေ့)ညနေ ၄ နာရီမှစ၍ လှူဒါန်း၊ အဓိဋ္ဌာန်ဝင်နိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

စတုဘုမ္မိကဆရာတော် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၈)မြောက်ရပ်ကွက် စတုဘုမ္မိကမဂ္ဂင်ရိပ်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ(သာသနာဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)အား ၂၀၀၅ခုနှစ် ကမ္ဘာ့ဌာနာစရိယဘွဲ့တံဆိပ်တော် ဂုဏဝိသိဋ္ဌ ပူဇော်ပွဲ နှင့် သီရိမင်္ဂလာအေးရိပ်သာမွေ့ရာရုံကြီး ရေစက်ချပွဲ၊ ရှင်ပြုရဟန်းခံပွဲ ကို မေ ၂၂ရက် နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ မေ ၂၁ရက်ည ၇ နာရီမှစ၍ ဓမ္မကထိကဗဟုဇနဟိတရေသံတွဲဆရာတော် ဘဒ္ဒန္တ သုန္ဒရက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အင်္ဂလိပ်စကားပြောသင်တန်းဆင်း

ရန်ကုန် မေ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အမှုထမ်းအဆင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၅) သင်တန်းဆင်းပွဲကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရုံးချုပ် ကွပ်ကဲခန်းမဆောင်၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေ မန်နေဂျာများနှင့် ဆရာကြီး KT ဦးတင့်လွင်နှင့် ဌာနခွဲအသီးသီးမှ ဌာနခွဲမှူးများ၊ အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကန်တော်လေး မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဒေါ်ကြင်က အလှူငွေ အက်ဖ်အီးစီ ၁၀၀ကို ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင်ဖြစ်လာရန် မျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက်ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြောင်းမြခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်သည့် ဒေသဖြစ် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် စက်မှုဇုန်ဖြင့် ဆောင်ရွက်နေ

ရန်ကုန် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၄ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ဗမော်သုံးခွဒေသ၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မြောင်းမြမြစ်၏ ရေအရင်းအမြစ်ကို အသုံးချ၍ စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်နေသည့် ဗမော်သုံးခွ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ရှင်းလင်းဆောင်တွင် စီမံကိန်းတာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်ထားမှုများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ဆွေးနွေးညှိနှိုင်း

ထို့နောက်ဝန်ကြီးသည် စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်များကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေတို့နှင့် ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေတင်စက်ရုံနှင့် လျှပ်စစ်မြစ်ရေတင်၊ ရေပေးမှု၊ ရေပေးတူးမြောင်းများ ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုးချဲ့စိုက်ပျိုးနိုင်

ဗမော်သုံးခွလျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် ကျေးရွာ အုပ်စုလေးအုပ်စု၊ ကွင်းကိုးကွင်းရှိ လယ်ယာမြေဧက ၄၀၀၀ကို နွေစပါးအပါဝင် သီးထပ်သီးနှံများ တိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အဖွဲ့ဝင်များသည် မေ ၁၅ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြောင်းမြစက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ပံ့ပိုးပေးမည်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်း၊ မြောင်းမြခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုရှိသည့် ဒေသဖြစ်သဖြင့် ဆက်လက်ပြီး စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် စက်မှုဇုန်ဖြင့် ဆောင်ရွက်နေကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ဈေးကွက်ရှိသည့် စက်ကိရိယာများ ထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများရှိ စက်မှုအလုပ်ရုံများမှ ပံ့ပိုးကူညီမှုများ ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝေက စက်မှုဇုန်မြေနေရာချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းက စက်မှုဇုန်မှ စက်ကိရိယာပစ္စည်းများ ထုတ်လုပ်မှု အခြေအနေကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်မှုဇုန်လုပ်ငန်းရှင်များက ဝက်ဝံနကား၊ လူစီးကုန်တင် သုံးဘီးဆိုင်ကယ်၊ လက်တွန်းလယ်ထွန်စက် အမျိုးမျိုးနှင့် ပန်ကာကြေးသွန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက်ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက သွင်းကုန်အစားထိုး စက်ပစ္စည်းများ ထုတ်လုပ်ရေး၊ ဈေးကွက်ဝယ်လိုအား၊ ဒေသရှိပြည်သူများ လိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ စံချိန်စံညွှန်းမီရေး၊ အခြားသော စက်မှုဇုန်များနှင့် ပူးပေါင်း ဆက်သွယ်ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုဇုန်လယ်ယာသုံး စက်ပစ္စည်းအရောင်းခန်းမ၌ စက်မှုဇုန်မှ ထုတ်လုပ်သော စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် ရေ ၄၅ဂါလန်သယ်နိုင်၍ မီးငြိမ်းသတ်နိုင်သော တစ်ပိုင်တစ်နိုင် မီးသတ်ယာဉ်၏ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ စက်မှုလယ်ယာ အလုပ်ရုံမှ ထုတ်လုပ်သော လက်တွန်းထွန်စက်၊ ဂီယာအိမ်၊ အင်ဂျင်၊ စက်မှုဇုန်မှ ထုတ်လုပ်သည့် CNG အင်ဂျင်၊ ဝက်ဝံနကား၊ လက်တွန်းထွန်စက်၊ စပါးခြွေစက်၊ ရိုးပြတ်နှင်းဘီး၊ စက်တုံး၊ ရိုးပြတ်ဖြတ်စက်၊ ရေယာဉ်ပန်ကာအမျိုးမျိုး၊ ရိတ်သိမ်းခြွေလှေ့စက် အမျိုးမျိုးကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် မေ၁၄ရက် ညပိုင်းတွင် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်ရုံးတွင် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံသည်။**(အောက်ပုံ)**

အထွေထွေ အတွင်းရေးမှူးဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် မေ၁၅ရက် နေ့လယ်ပိုင်းတွင် မြောင်းမြမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်ရုံးတွင် ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ မြောင်းမြခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဌေးနိုင်က ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ကာကွယ်တွန်းလှန်

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာပါ၍ မှန်ကန်သောလမ်းညွှန်မှုများအား လက်တွေ့အကောင်အထည်ဖော်နိုင်မှုများကြောင့် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အား ဦးထိပ်ပန်ဆင်၍ မိမိတို့နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများနှင့်အတူ လက်တွဲပြီး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မနာလိုမရှုဆိတ်သည့် အဖျက်သမားများ၏ လုပ်ရပ်များကိုလည်း ပြည်သူနှင့်လက်တွဲ၍ ပူးပေါင်းကာကွယ်တွန်းလှန်သွားရန် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကယ်ဒမီ ပြုံးချိုကြီးနှင့် လျှို့ဝှက်သောနှင်း ဆက်လက်တင်ဆက်ဖျော်ဖြေနေဆဲ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် မေ ၁၇

ဆင်းရဲသည့်ဒဏ်ကို ခံနိုင်ကြသော်လည်း ချမ်းသာသည့်ဒဏ်ကို မခံနိုင်ကြသူများနှင့် အောင်မြင်ကျော်ကြားလာသူများကို ဘဝမမေ့ရန် အကယ်ဒမီပြုံးချိုကြီးက သင်ခန်းစာပေးထားသည်။ အကယ်ဒမီပြုံးချိုကြီးတွင် ဟာသသရုပ်ဆောင်များဖြစ်သော မိုးဒီ၊ မော့စ်နှင့် ကလေးသရုပ်ဆောင် ဆုမေ တို့၏ ဇာတ်ကောင်စရိုက်နှင့် အထူးခြားဆုံး၊ အပြောင်မြောက်ဆုံး သရုပ်ဆောင်ချက်များကို ပီပီပြင်ပြင် တွေ့မြင်ရမည်ဖြစ်သည်။ သမ္မတ၊ သွင်နှင့် မင်္ဂလာ အဆင့်မြင့်ရုံများတွင် ကြည့်ကြရမည်ဖြစ်သည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ မတ်စောက်သော နှင်းဖုံးတောင်တန်းများ၊ တဝေါဝေါ အဆက်မပြတ် စီးဆင်းနေသော ရေခဲစမ်းချောင်းများ၊ မြေပြန့်သားတို့ တွေ့ရခဲမြင်ရခဲသော ရှားပါးလှပသည့် ရေခဲတောင် ရှုခင်းများကို နောက်ခံထားပြီး ဇာတ်အိမ်ဖွဲ့ ရိုက်ကူးတင်ဆက်ထားသည့် **လျှို့ဝှက်သောနှင်း**ဇာတ်ကား ရွှေ့ဆောင်၊ စံပြ၊ သီတာ၊ ရွှေမန်းနှင့် ရွှေပြည်သာရုံများတွင် ဆက်လက် တင်ဆက်ပြသလျက်ရှိသည်။

‘အကယ်ဒမီပြုံးချိုကြီး’ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

လျှို့ဝှက်သောနှင်းတွင် လွင်မိုး၊ လူမင်း၊ ညွန့်ဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် မြင့်မြင့်ခိုင်တို့ ခေါင်းဆောင်ပါဝင်ကာ ဒေသခံ တိုင်းရင်းသား ရဝမ်၊ လီဆူး၊ ကချင် တိုင်းရင်းသားတို့၏ အက၊ အလှ၊ သဘာဝများကိုပါ ရှုစားကြရမည် ဖြစ်သည်။

မာလိန်မှူးထူးစိန် အဆင့်မြင့်ဗီဒီယိုဇာတ်ကား ရုံဝင်လာတော့မည်

မင်းသိခ်၏ ဝတ္ထုကို ဒါရိုက်တာခင်စောမျိုး ရိုက်ကူးပြီးထားဝယ်ဗီဒီယို ထုတ်လုပ်ရေးမှ တင်ဆက်သည့် **မာလိန်မှူးထူးစိန်** အဆင့်မြင့် ဗီဒီယိုဇာတ်ကားကြီး စံပြ၊ရွှေမန်း၊ သီတာ၊ နဝဒေး၊ မြရတနာနှင့် မဟာမြိုင်ရုံများတွင် မေ ၂၇ရက်၌ ရုံဝင်လာမည်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့ ဆန့်ကျင်ရေးကို နောက်ခံထားပြီး ပင်လယ်ပြင်တွင် ပထမဦးဆုံး မြန်မာ မာလိန်မှူး ဖြစ်လာသည်အထိဖွဲ့လုံ့လ၊ ဝီရိယဖြင့် ကြိုးစားအားထုတ်သည့် မြန်မာလူငယ်တစ်ဦး အကြောင်း ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

‘မာလိန်မှူးထူးစိန်’ဇာတ်ကားမှ ကျော်သူ၊ လှအဥ္ဆလီတင့်၊ ကျော်ရဲအောင်။

မာလိန်မှူးထူးစိန်တွင် ကျော်သူ၊ ကျော်ရဲအောင်၊ လှအဥ္ဆလီတင့်နှင့် ညွန့်ဝင်း၊ သားညီတို့ ခေါင်းဆောင်ပါဝင် ထားသည်။ ။ **(မြန်မာ့အလင်း)**

‘လျှို့ဝှက်သောနှင်း’ဇာတ်ကားမှ ညွန့်ဝင်း၊ လူမင်းနှင့် လွင်မိုး။

■ ကျောဖုံးမှ

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကိုရီးယား နည်းပြဆရာတစ်ဦးနှင့် မြန်မာ နည်းပြဆရာများဖြစ်သည့် ရဲအုပ်မြတ်သူဇာမြင့်နှင့် သီသီမြင့်၊ ဒုရဲအုပ်သန်းသန်းယုတို့နှင့်အတူ ပဏာမလက်ရွေးစင်များကို မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ကျိုက္ကစံကွင်းတွင် စနစ်တကျလေ့ကျင့်ပေးလျက်ရှိသည်။

လေ့ကျင့်လျက်ရှိ

ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော အမျိုးသား ပဏာမလက်ရွေးစင်များမှာ Recurveတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ညီညီထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ထွန်းလင်းအောင်၊ ဇော်မင်းထွန်း၊ ဇော်ဝင်းထိုက်၊ မျိုးဆက်သစ်အားကစားသမား မျိုးကိုကို၊ အောင်ဇော်နိုင်နှင့် ကျော်ချမ်းငြိမ်း(အား/ကာ)၊ Compound တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ပေါ်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ လင်းနိုင်နှင့် ရဲမင်းဆွေ၊ (အား/ကာ)မှ မျိုးအောင်ဆန်းနှင့် ချမ်းအေးအောင်၊ မျိုးဆက်သစ်အားကစားသမား ကာကွယ်ရေးဝန်ကြီးဌာနမှ ဝင်းစိုးတို့အား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

အမျိုးသမီး ပဏာမလက်ရွေးစင်များမှာ Recurve တွင် ရန်ကုန်မြို့တော်စည်ပင်မှ မနန်းမိုဟွမ်၊ အား/ကာမှ မစန်းယုထွေး၊ မအောင်ငြိမ်း၊ မတင်ဇင်အိနှင့် မျိုးဆက်သစ် အားကစားသမား မနန်းဌေးလှိုင်တို့ ဖြစ်သည်။

ရွေးချယ်ထား

Compound တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ မသင်းသင်းခိုင်၊ အား/ကာမှ မကေသီ၊ မမေရီစန်းနှင့် မယုနန္ဒာထိုက်တို့အား ရွေးချယ်ထားသည်။

မျိုးဆက်သစ်အားကစားသမားများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ မကေသွယ်မျိုး၊ မလဲ့လဲ့ဝင်း၊ မမမိုး၊ မယဉ်ယဉ်ထွန်းနှင့်မဇူလိုင်စိုးတို့အား နားရက်မရှိလေ့ကျင့်ပေးလျက်ရှိသည်။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် အမြင့်ဆုံးဆုတံဆိပ် ရယူနိုင်ရေးအတွက် ပြည်တွင်းပြည်ပပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဆန်းဆိုလူရွေးပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

၂၀၀၅ ခုနှစ် နိုဝင်ဘာလ၌ ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဆန်းဆိုလူရွေးပွဲကို လာမည့်ဇွန်လ တတိယပတ်အတွင်း အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား ဆန်းဆိုပြိုင်ပွဲ၌ (၄၈၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀) ကီလိုတန်းနှင့် အမျိုးသမီးပြိုင်ပွဲ၌ (၄၅၊ ၄၈၊ ၅၂၊ ၅၆)ကီလိုတန်းဟူ၍ သတ်မှတ်ကျင်းပသွားမည် ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဇွန် ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ် ပဒုမ္မာ အားကစားလေ့ကျင့်ရေး စခန်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ မိတ္ထီလာ၌ကျင်းပ

ရန်ကုန် မေ ၁၇

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို မေ ၁၆ ရက် နံနက် ၈ နာရီတွင် မိတ္ထီလာမြို့ ရှမ်းတဲလေကြောင်းအတတ်သင် လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင် တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

(ယှဉ်ပြိုင်ကစား)

အဆိုပါပြိုင်ပွဲသို့ မိတ္ထီလာတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်မောင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင်လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြပြီး ကွင်းဖွင့်ပွဲအဖြစ် မြေပြင်အတတ်သင်လေတပ်စခန်းနှင့် နမ့်စန်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ စွန်ရဲအသင်းက တပ်မတော်ကြည်း(ခ) အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်း(ခ)အသင်းကို အမည်ပြောင်းလဲထားသော စွန်ရဲအသင်းသည် ယနေ့ပွဲအနိုင်ရရှိသဖြင့် ၁၁ ပွဲကစား (၂၈)မှတ်ရရှိသွားသည်။ စွန်ရဲအသင်းသည် လက်ကျန်တစ်ပွဲ ကစားရန် ကျန်ရှိနေသော်လည်း အဆင့်မြင့်တန်းသို့ တက်ရောက်ရန် သေချာသွားပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆက် ဧရာဝတီတိုင်းက စစ်ကိုင်းတိုင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်

ရန်ကုန် မေ ၁၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ဧရာဝတီတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဧရာဝတီတိုင်းအသင်းအတွက် အနိုင်ဂိုးများကို မြင့်သူဇာ၊ စုစုဝေ၊ သန္တာမိုးနှင့် ရီရီမြင့်တို့က တစ်ဂိုးစီသွင်းယူပြီး စစ်ကိုင်းတိုင်းအသင်းမှ နောက်တန်းလူ ဝင်းပပစိမ်းက ကိုယ့်ဂိုးကိုယ် တစ်ဂိုးသွင်းမိသည်။ ပွဲစဉ်အလိုက် ကောင်းဆုံးဆုကို ဧရာဝတီတိုင်းအသင်းမှ ၄ဝါဝါစိုးက ရရှိသည်။

ယနေ့ပွဲ

မေ ၁၈ ရက် **(ယနေ့)** ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့် လက်ရှိချန်ပီယံ မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

စပို့တင်းနှင့် စီအက်စ်ကေအေတို့၏ ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲ အများအယွင်းနည်းသူတို့သာ အောင်ပွဲခံမည့်အနေအထားရှိ

လစ္စဘွန်း မေ ၁၇

၂၀၀၄–၂၀၀၅ဘောလုံးရာသီ ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းနှင့် ရုရှားကလပ်အသင်းဖြစ်သည့် စီအက်စ်ကေအေမော်စကိုတို့ မေ ၁၉ ရက် (ကြာသပတေးနေ့) မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီတွင် ပေါ်တူဂီနိုင်ငံ စပို့တင်းလစ္စဘွန်းကွင်း ဂျို့အယ်လ်ဗာလာဒီ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကြတော့မည် ဖြစ်သည်။

ယူအီးအက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲတွင် စီအက်စ်ကေအေအသင်းကို အောင်မြင်မှုများ စွမ်းဆောင်ပေးမည့် နည်းပြ ဗာလီရီဂါဇာယက်ဗ် (အလယ်)။
(ဓာတ်ပုံ–အင်တာနက်)

အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်း၏ အောင်မြင်မှုများမှာ ပြည်တွင်း အမှတ်ပေးချန်ပီယံ (၁၈)ကြိမ်၊ ပြည်တွင်းရှုံးထွက်ချန်ပီယံ (၁၃)ကြိမ်နှင့် ဥရောပ ရှုံးထွက်ဖလား တစ်ကြိမ်ရရှိထားဖူးသည့် မှတ်တမ်းရှိနေသည်။

ယခု ယူအီးအက်ဖ်အေ ကွာတားဖိုင်နယ်သို့ရောက်ရန် အုပ်စုပွဲများ ကစားခဲ့ရာတွင် ဆိုးချော့စ်အသင်းကိုသာ ရှုံးနိမ့်ခဲ့ပြီး ကျန်ပွဲစဉ်များအားလုံး အနိုင်ကစားနိုင်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် အင်္ဂလန်ပရီမီယာလိဂ်မှ နယူးကာဆယ်အသင်းနှင့်ကစားခဲ့ရာ အိမ်ကွင်း၌ လေးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အဝေးကွင်းတွင် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရာ နှစ်ပွဲပေါင်း ဂိုးရလဒ်အရ စပို့တင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် ဟော်လန်မှ အယ်လ်ခမာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ အဝေးကွင်းတွင် သုံးဂိုး–နှစ်ဂိုးဖြင့် ရှုံးခဲ့သော်လည်း အိမ်ကွင်းတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် အဝေးကွင်း သွင်းဂိုးရလဒ်အရ စပို့တင်းတို့ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

နည်းပြလုပ်ခဲ့သူ ပီစီယာရိုက ပြောကြားလိုက်သည်။

စီအက်စ်ကေအေဖြတ်သန်းခဲ့မှု

စီအက်စ်ကေအေမော်စကိုအသင်းကို ၁၉၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအခါ သက်တမ်း ၉၄ နှစ်အတွင်းရောက်ရှိခဲ့ပြီဖြစ်သည်။ အသင်းသက်တမ်း ၉၄ နှစ်တွင်မှ ပထမဆုံး အကြိမ်အဖြစ် ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်ရာ ဂုဏ်ယူစရာတစ်ရပ်လည်းဖြစ်ခဲ့ပြီ ဖြစ်သည်။

ဥရောပအဆင့် ပြိုင်ပွဲများတွင် ဗိုလ်လုပွဲသို့ တစ်ကြိမ်တစ်ခါမျှမတက်ရောက်ခဲ့ဘူးသည့် စီအက်စ်ကေအေသည် ယခု ယူအီးအက်ဖ်အေတွင် အုပ်စုပွဲများကစားခဲ့ရာ၌ ဘင်ဖီကာအသင်းကို အိမ်ကွင်းတွင်အနိုင်ရရှိခဲ့ပြီး အဝေးကွင်း၌ တစ်ဂိုးစီ သရေကျခဲ့သည်။ ပါတီဇန်နှင့် ကစားရာတွင် အဝေးကွင်း၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ အိမ်ကွင်း၌ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်တွင် အဝေးကွင်း၌ အော်ဇေးနှင့်ကစားရာ နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး အိမ်ကွင်းတွင် စီအက်စ်ကေအေတို့က လေးဂိုးပြတ်သွင်းပြီး အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်း ရလဒ် လေးဂိုး–နှစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတက်

အကြိုဗိုလ်လုပွဲတွင်လည်း ပါးမားကို အိမ်ကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အဝေးကွင်း၌ ဂိုးမရှိ သရေကျခဲ့ရာ နှစ်ပွဲပေါင်း ရလဒ် သုံးဂိုး–ဂိုးမရှိဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

စီအက်စ်ကေအေနည်းပြ ဗာလီရီဂါဇာယက်ဗ်

"သူတို့ကွင်းမှာ ကျွန်တော်တို့ သွားရောက်ကစားရပေမယ့် အခက်အခဲမရှိပါဘူး၊ ရုရှားကလပ်အသင်းတစ်သင်းအနေနဲ့ ယူအီးအက်ဖ်အေဖလားကို အရယူနိုင်ရေးကိုသာ အာရုံစိုက်သွားမှာပါ၊ အခု ကျွန်တော်တို့ စပို့တင်းနဲ့ ယှဉ်ပြိုင်ဖို့ အသင့်ဖြစ်နေပါပြီ၊ ဘာဖိအားမှ ကျွန်တော်တို့မရှိပါဘူး"ဟု ဗာလီရီဂါဇာယက်ဗ်က ပြောကြားသွားသည်။

နောက်ဆုံးအနေအထား

ပေါ်တူဂီတွင် ခြေစွာနေသော စပို့တင်းတွင် ရှေ့တန်း၌ ဘရာဇီး တိုက်စစ်မှူး လက်ဒ်ဆန်သည် ဂိုးသွင်းခြေမြူးလျက်ရှိရာ ယခုအချိန်အထိ ပေါ်တူဂီပထမတန်းတွင် စပို့တင်းအတွက် ၃၆ ဂိုးသွင်းထားပေးပြီး ဂိုးအများဆုံးသွင်းထားသည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ ထို့အပြင် ယူအီးအက်ဖ်အေတွင်လည်း ယခုအချိန်အထိ တစ်ဦးတည်း ခုနစ်ဂိုးသွင်းထားသူလည်း ဖြစ်သည်။ ထို့အပြင် ရိုချင်ဘတ်၊ နီကူလေနှင့် ဆာပင်တိုတို့ကလည်း တိုက်စစ်အားကောင်းသူများဖြစ်ရာ နောက်တန်းခံစစ်ကြောင်းကို

စီအက်စ်ကေအေအတွက် အဆုံးအဖြတ်ဂိုးများကို သွင်းပေးနေသော ကာဗယ်ဟို(အလယ်)။
(ဓာတ်ပုံ–အင်တာနက်)

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲသည် ၁၉၅၄ ခုနှစ်မှ စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ဥရောပအဆင့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ၁၉၅၅–၅၆ ခုနှစ်မှ စတင်ကာ ပြိုင်ပွဲများကျင်းပခဲ့ခြင်းဖြစ်သည်။ ယခင်က စက်မှုမြို့တော်ကြီးများဖလား အမည်ဖြင့် ကျင်းပခဲ့သော်လည်း ၁၉၇၁–၇၂ ခုနှစ်မှ စတင်ကာ ယူအီးအက်ဖ်အေဖလား အမည်ဖြင့် ယခုအချိန်အထိ ကျင်းပခဲ့ခြင်းလည်း ဖြစ်သည်။

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲအမည်ဖြင့် စတင်ကျင်းပသောနှစ်တွင် ချန်ပီယံဖြစ်ခဲ့သည့်အသင်းမှာ တော့တင်ဟမ်ဟော့စပါး (အင်္ဂလန်) ဖြစ်ပြီး အင်္ဂလန်အသင်းများအနက် ပထမဆုံး ယူအီးအက်ဖ်အေဖလားကို ဗိုလ်စွဲနိုင်ခဲ့သော အသင်းလည်း ဖြစ်သည်။

ယခု ယူအီးအက်ဖ်အေ နောက်ဆုံးဗိုလ်လုပွဲအဖြစ် စပို့တင်းလစ္စဘွန်းနှင့် စီအက်စ်ကေအေမော်စကိုတို့၏ပြိုင်ပွဲကို ဒိုင်လူကြီးအဖြစ် အင်္ဂလန်မှ ဂရေဟမ်ပူးလ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အကူဒိုင်လူကြီးများအဖြစ် အင်္ဂလန်မှ ဂလင့်တာနာ၊ မိုက်ခေးလ်တင်ဂျီတို့က ဆောင်ရွက်ကြမည် ဖြစ်သည်။

စပို့တင်းလစ္စဘွန်း၏ဖြတ်သန်းမှု

ပေါ်တူဂီကလပ်စပို့တင်းလစ္စဘွန်းအသင်းကို ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာအသင်းတည်ထောင်မှု နှစ်ပေါင်း ၁၀၀ နီးပါးကြာမှ ယူအီး

စပို့တင်းလစ္စဘွန်းနည်းပြ ဂျို့ပီစီယာရို ပြောစကား

"ကျွန်တော်တို့ အမှားအယွင်းမရှိအောင်ကြိုးစားသွားမှာပါ၊ ဘောလုံးသမားတွေရဲ့ အနေအထားက အကောင်းဆုံးဖြစ်နေပါတယ်၊ သူတို့အနေနဲ့ ကျွန်တော်တို့ကွင်းမှာ ကစားရမှာဆိုတော့ ဖိအားပေးမှုခံရမှာဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသူတွေကသာ အနိုင်ရရှိမှာဖြစ်ပါတယ်"ဟု ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ၌ ရီးယဲလ်မက်ဒရစ်၌ လက်ထောက်

လုံအောင် ပြုပြင်ခဲ့လျှင် ရလဒ်ကောင်းနှင့်ကြုံတွေ့နိုင်မည် ဖြစ်သည်။

တစ်ဖန် အိမ်ရှင်ဟူသော အားသာချက်ကို ထည့်တွက်ပါက ယူအီးအက်ဖ်အေဖလားသည် စပို့တင်းတို့အတွက်သာလျှင် ဖြစ်သွားနိုင်ပေသည်။

စီအက်စ်ကေအေတွင် ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ကာဗယ်ဟို၊ ဗက်နာလပ်စ်၊ အိုလစ်နှင့် ဖာဂါနာတို့ကလည်း စပို့တင်းနောက်တန်းကို အချိန်ပြည့် ထိုးဖောက်နိုင်စွမ်းရှိသည့် အနေအထား၌ရှိရာ စပို့တင်းတို့ နောက်တန်းခံစစ်ကြောင်း အားနည်းမှုကြောင့် အခွင့်အရေးများရသွားနိုင်ပေသည်။ ॥

(အင်တာနက်)

သီပေါမြို့နယ်ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ စိုက်ပျိုးရေးဆိုင်ရာများကွင်းဆင်းဆောင်ရွက်

သီပေါ မေ ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် စီမံချက်ရေးဆွဲပြီး လုံခြုံရေး၊ စီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မေ ၁ ရက် နံနက် ၁၀နာရီက မိုင်းလင်းကျေးရွာအုပ်စု ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကျေးရွာပြည်သူများနှင့် တောင်သူလယ်သမားများအား တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဟန်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လည်းကောင်း၊ မြို့နယ် အတွင်းရေးမှူး ဦးစိုင်းသာလှိုင်က နယ်မြေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်သန်းက ဆင်းရှေလီ အထွက်ကောင်းစပါးနှင့် ပြောင်း၊ ဂျုံသီးနှံ စိုက်ပျိုးရေးနည်းပညာရပ်များကို လည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ဆွေးနွေး

ထို့နောက် ကျေးရွာပြည်သူများ၏ တင်ပြမေးမြန်းသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။ **(၃၀၆)**

မေ ၁၂ ရက်က ဆီဆိုင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဆီဆိုင်မြို့နယ် နန်းစစ်ကျေးရွာ ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေနှင့် ဒေသခံ တိုင်းရင်းသား ဦးကျော်ဇောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်နေပြည်သူများလူနေမှုအဆင့်အတန်းမြင့်မားစေရန်အတွက် ကျေးလက်အိမ်ရာစီမံကိန်းကို ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်က အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ဖအောင်းကျေးရွာရှိဦးမောင်မောင်၏ နေအိမ်ဆောက်လုပ်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်ဦးမြို့ တောင်ဇင်းကျေးလက် ရေပေးရေးနှင့် လျှပ်စစ်ဓာတ်အားခွဲရုံ စည်ပင်ညွှန်ချုပ် စစ်ဆေး၊ ဓာတ်အားများအပြည့်အဝပေးနိုင်ရေးမှာကြား

ညောင်ဦး မေ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)ဦးကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်း ညောင်ဦးမြို့ တောင်ဇင်းရေပေးရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာညွှန်ကြားရေးမှူးချုပ်သည် တောင်ဇင်းရေပေးရေး နတ်သမီးကမ်းပါးရေစက်ရုံသို့ ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးက ကျေးလက် ရေပေးဝေရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရေတွန်းစက်ရုံ အမှတ်(၁)သို့ရောက်ရှိပြီး တစ်နာရီရေဂါလန်တစ်သိန်းတစ်သောင်းတွန်းပို့သည့် ရေတွန်းစက်များကို ကြည့်ရှုစစ်ဆေးပြီး ငှက်ပစ်တောင်ရှိ ရေတွန်းစက်ရုံနှင့် ဂါလန် ၈၀၀၀၀ ဆံ့ ရေလှောင်ကန်နှင့် ဂါလန် ၁၀၀၀၀၀ ဆံ့ အနည်ထိုင်ကန်တို့ကို ကြည့်ရှုစစ်ဆေးကာ စက်များ အလှည့်ကျ ပုံမှန်လည်ပတ်နိုင်ရေး၊ စက်များ ချွတ်ယွင်းမှုမဖြစ်အောင် ထိန်းသိမ်းရေး၊ ရေကန်များ ပုံမှန်အနည်ထုတ်နိုင်ရေးတို့ကို မှာကြားသည်။

အန္တရာယ်ကင်းရှင်းရေးမှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် တောင်ဇင်းလျှပ်စစ်ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအား စနစ်တကျကိုင်တွယ်ရေး၊ အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားအပြည့်အဝပေးနိုင်ရေးကို မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ရွှေလှိုင်းကျေးရွာရေဝေကန်တွင် ကျေးလက်ပြည်သူများအား ရေပေးဝေမှု အခြေအနေကို လည်းကောင်း၊ နပ္ပလင်ကျေးရွာ ရေဝေကန်မှ ရေဖြန့်ဝေပေးနေမှု အခြေအနေကို လည်းကောင်း**(အောက်ဝဲပုံ)**တောင်ရှေ့ကျေးရွာ ရေကန်မှ ရေပေးဝေနေမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရေအလေအလွင့်မရှိအောင် ဝိုင်းဝန်းထိန်းသိမ်းရေး၊ လက်ရှိ ရေပေးဝေမှုအခြေအနေ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ရေဖြန့်ဝေပေး

တောင်ဇင်းကျေးလက် ရေပေးဝေရေးလုပ်ငန်းသည် ဧရာဝတီမြစ်ရေအား ကျေးရွာ ၄၈ ရွာသို့ ၅၈ မိုင်အရှည်ရှိ ရေပိုက်လိုင်း နှစ်လိုင်းဖြင့် နေ့စဉ် အလှည့်ကျ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

မေ ၂၂ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာ ဈေးကြီးအတွင်း သားငါး ရောင်းချမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြန်/ဆက် ဦးစီးဌာနနှင့် အလှူရှင်များလှူဒါန်းသောစာအုပ်မျိုးစုံ တောင်ပိုင်းခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့လွှဲပြောင်းပေးအပ်

သန်လျင် မေ ၁၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်သည် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၄ ရက် နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များကလှူဒါန်းထားသည့် သုတရသစာအုပ်မျိုးစုံ ၁၀၀၀၀ကျော်အား ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် တွံတေးမြို့နယ်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ဆွေးနွေးမှာကြားပြီး စာကြည့်တိုက် လုပ်ငန်း၊ နံ့ရုံကပ်စာစောင်တို့ကို ကြည့်ရှုစစ်ဆေးကာ ကံဘဲ့ စံပြကျေးရွာ၊ စမ်းရွာ၊ လာကပုံကျေးရွာ စာကြည့်တိုက်များသို့ စေတနာရှင် ပြည်သူများ လှူဒါန်းသော စာအုပ်များကို ပေးအပ်သည်။**(ယာပုံ)**

ယင်းနောက် ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူးနှင့် ခရိုင်ဦးစီးအရာရှိ တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ မွန်းလွဲပိုင်းတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ကော့မှူးမြို့နယ်ရုံးနှင့် ကွမ်းခြံကုန်းမြို့နယ်ရုံးများသို့ရောက်ရှိပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းသောစာအုပ်များ ပေးအပ်ပြီး စာကြည့်တိုက်လုပ်ငန်းနှင့် နံ့ရုံကပ်စာစောင်တို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကော့သောင်းမြို့ ပြည်လုံးချမ်းသာ ဓာတ်ပေါင်းစု ဆံတော်ရှင်စေတီ ဥပုသ်နာတော်သွင်းမင်္ဂလာနှင့် ရွှေထီးတော်တင်လှူပူဇော်

ကော့သောင်း မေ ၃

ဥဏှာတော် ၅၄ ပေရှိ ပြည်လုံးချမ်းသာ ဓာတ်ပေါင်းစု ဆံတော်ရှင် စေတီတော်ဥပုသ်နာတော်သွင်းမင်္ဂလာနှင့် ရွှေထီးတော်တင်ပွဲ အခမ်းအနားကို ဧပြီ ၂၃ရက်နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ဆင်ဖြူရှင်လမ်း သီရိမင်္ဂလာကုန်းတော်တွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မြင့်ထွန်း၊ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ခေတ္တဥက္ကဋ္ဌ ဦးလှငွေး နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ ဥပုသ်နာ တော်သွင်းခြင်းနှင့် ရွှေထီးတော်များ တင်လှူပူဇော်ကြကြောင်းသိရသည်။ (၃၈၉)

ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဘဝမီးအိမ် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ၄ရက်က ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင် ကျင်းပရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ညီမ်း (ပုဇွန်တောင်)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အမှတ်(၂၄)၊ ဝေဘာဂီလမ်း ဓောရန်ပိုင် အရှေ့ရပ်ကွက် အလုံမြို့နယ်နေ မိခင်ကြီး ဒေါ် အုန်းကြည် အားရည်စူး၍ ဦးထွန်းဝင်း–ဒေါ်ဆန်းဆန်းဦး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒ္ဒသနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

စိမ့်စမ်းရေသွယ်

ပျဉ်းမနားမြို့အရှေ့ခြမ်းတောင်ပေါ် ကျေးရွာများဖွံ့ဖြိုးရေးလုပ်ငန်းဆောင် ရွက်လျက်ရှိရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇေယျ၊ အင်ဂျင်နီယာမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ ဧပြီ ၉ရက်က ဘန့်ဘားကျေးရွာအုပ်စု လက်ဖက်တောင်ကျေးရွာ ရေရရှိ ရေးအတွက် စိမ့်စမ်းရေသွယ် လုပ်ငန်းဆောင်ရွက်ရန် ရေထွက်နေရာ များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၀၁)

ပန်းတနော်မြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း

ပန်းတနော် မေ ၁၀

မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဖောဓိအနောက်ကွင်း အာကာဦးကုမ္ပဏီလီမိတက်၏ နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၈နာရီက လယ်သမားဦးခင်အောင်ထွေး၏ ဒေါဝါးကွင်း နွေစပါး မနောသုခ ဧက ၃၀တွင် ကျင်းပသည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွှန့်တင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ ရွှေမေတ္တာဇီဝ မြေသြဇာ ဖြန့်ဖြူးရေး တာဝန်ခံ ဦးထွန်းထွန်းလင်း၊ အာကာဦးကုမ္ပဏီလီမိတက် မန်နေဂျာ ဦးဝင်းနိုင်၊ ဒေါဝါးကျေးရွာနှင့် ကညင်ငူကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။ **(အောက်ပုံ)** (၃၂၇)

တုံတာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသစ်ဖွင့်

တုံတာ မေ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျိုင်းတုံခရိုင် တုံတာမြို့ရုံးသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို မေ၃ရက် နံနက် ၉နာရီက အဆိုပါရုံးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးစိုးစိုးနှင့်တုံတာမြို့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လက်ခံရယူ

ဆက်လက်၍ လက်ထောက်ညွှန် ကြားရေးမှူးက ရုံးသစ်ဖွင့်လှစ်နိုင်ခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား ပြီး ခရိုင်ဦးစီးအရာရှိ ဦးဟန်ညွှန့်က စာကြည့်တိုက်များအတွက်စာအုပ်များ ပေးအပ်လှူဒါန်းရာ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ဗိုလ်မှူး ညီညီသန့် တို့က လက်ခံရယူကြသည်။

ထို့နောက် တုံတာမြို့ ဒုတိယဦးစီးမှူး ဦးအေးမောင်က ရုံးသစ်ဖွင့်ပွဲ အထိမ်း အမှတ်အလံကို ပေးအပ်ရာ အုပ်ချုပ် ရေးမှူး ဦးခင်မောင်ဆင့်နှင့် ခရိုင်ဦးစီး အရာရှိ ဦးဟန်ညွှန့်တို့က လက်ခံရယူ ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး အခြေခံသင်တန်း ကျောက်ပန်းတောင်းမြို့နယ်တွင်ဖွင့်

ကျောက်ပန်းတောင်း မေ ၁၂

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး အခြေခံသင်တန်းဖွင့်ပွဲကို မေ၂ရက် နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးနိုင်ထွန်းက သင်တန်းဖြစ်မြောက်ရေး ဆောင်ရွက် ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ ကျောင်းသားကျောင်းသူ ၁၀၈ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဉာဏ်စမ်းပြိုင်ပွဲနှင့် ရာသက်ပန်အသင်းဝင်ကတ်ပြားပေးအပ်

ပြင်ဦးလွင် မေ ၆

ပြင်ဦးလွင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဉာဏ်စမ်းပြိုင်ပွဲနှင့် ရာသက်ပန်အသင်းဝင် ကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဧပြီ၂၇ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်က အဖွင့်အမှာစကားပြောကြားပြီး အသင်းအတွင်းရေးမှူး ဒေါက်တာနန်းညွှန့်ညွှန့်အေးက ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရခြင်းနှင့် ရာသက်ပန် အသင်းဝင်ကတ်ပြားများ ပေးအပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ဉာဏ်စမ်းပြိုင်ပွဲဆုရ သူများနှင့် ရာသက်ပန် အသင်းဝင် ကတ်ပြားများအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့်အမှုဆောင်များက ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(၂၈၀)**

ရေစကြိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် သစ်ဆိမ့်ပင်စိုက်ခင်းတွင် အပင်၂၀၀ခန့်ကို စိုက်ပျိုးထားရှိရာ သစ်ဆိမ့်ပင်များ ရှင်သန်ကြီးထွားရေးအတွက်ရေလောင်း၊ ပေါင်းသင်၊မြေဆွခြင်း လုပ်ငန်းများကို ဧပြီ ၂၇ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နှင့်ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး မိုင်းဆတ်တွင် အမှိုက်များ စုပေါင်းရှင်းလင်းဆယ်ယူ

မိုင်းဆတ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ အနော်ရထာလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီးဘေးရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး အတွက် ရေမြောင်းအတွင်းမှ အမှိုက်သရိုက်များရှင်းလင်းဆယ်ယူခြင်းကို ဧပြီ ၃၀ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးခင်မောင်ဝင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ပခုက္ကူမြို့ ဆုကြီးပန်တောင်သိဒ္ဓိဇေယျာအောင်မင်္ဂလာစေတီ ဗုဒ္ဓပူဇနိယ ရတနတ္တပူဇာဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပခုက္ကူ ဧပြီ ၈

ပခုက္ကူမြို့ အမှတ်(၁၅) ရပ်ကွက် ဆုကြီးပန်တောင် သိဒ္ဓိဇေယျာအောင် မင်္ဂလာ စေတီတော်မြတ်ကြီး၏(၁၂) ကြိမ်မြောက်ဗုဒ္ဓပူဇနိယ ရတနတ္တပူဇာဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၇ နာရီက ပခုက္ကူမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကေလာသ ထံမှ ငါးပါးသီလခံယူကြကာဆရာတော်များ၏ ပရိတ်တရားတော်များ နာယူကြသည်။

ရေစက်ချတရားနာယူ

ထို့နောက် လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ရေစက်ချတရားနာယူကြသည်။

လှူဒါန်းပူဇော်

ဆက်လက်၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသိန်းတန်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာအလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ပူဇော်ကြကြောင်း သိရသည်။ **(၄၁၃)**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေစစ်ဆေး

ရန်ကုန် မေ ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေသည် မေ၁၁ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုအစီအမံများ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ကွန်ပျူတာ On Line ကွန်ရက်စနစ်ဖြင့် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မဟာဗန္ဓုလပန်းခြံလမ်းရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သို့ ရောက်ရှိလာပြီး လုပ်ငန်းဆောင်ရွက်မှု အစီအမံများ အဆက်အသွယ်ဘဏ်များသို့ ငွေပေး၊ ငွေယူကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကွန်ပျူတာ On Line ကွန်ရက်စနစ်ဖြင့်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူ ပုဂ္ဂိုလ်များက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိမြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများအား တွေ့ဆုံရာ သက်ဆိုင်ရာဌာနတစ်ခုချင်းအလိုက် ဦးဆောင်ညွှန်ကြားရေးမှူးများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ဧပြီ ၂၇ရက်က ငပုတော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်သော စဉ့်အိုးဖိုအောက်-ပမ္မဝတီ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရန် ကွင်းဆင်းတိုင်းတာခြင်းနှင့် မြေသားပြုပြင်ခြင်းများ ဆောင်ရွက်မှုကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးကြည်နှင့် အမှုဆောင်အရာရှိ ဦးအောင်ဌေးတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အဖွဲ့ မေ၅ရက်က မြို့သာယာလှပရေးအတွက် ဗန္ဓုလတံတား၌ စုပေါင်းဆေးသုတ်ကြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ



ကျောက်ဖြူဆင်ဘုတ်ရွာမကျေးရွာ၌ ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြား

ကျောက်ဖြူ မေ ၁၂

ကျောက်ဖြူမြို့နယ် ဆင်ဘုတ်ကျေးရွာအုပ်စု ဆင်ဘုတ်ရွာမကျေးရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲကို မေ၇ရက် နံနက်၉နာရီက အဆိုပါကျေးရွာတွဲဖက်အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးခင်မောင်လှ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထွန်းလွင်လေးနှင့် ကျေးရွာဥက္ကဋ္ဌဦးထွန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးထွန်းလွင်လေး၊ မြို့နယ်ဥပဒေအရာရှိဦးစောမောင်နှင့်ခရိုင်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးစိုးနိုင်တို့က အမှာစကားပြောကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်လှက စာကြည့်တိုက်များ ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် စေတနာရှင်၊ အလှူရှင်များက သုတ၊ ရသစာအုပ်စာစောင်မျိုးစုံ ၂၃၇အုပ်နှင့် စာကြည့်တိုက်အတွက် အလှူငွေကျပ် ၂၆၇၉၀ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမောင်က လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၁၉–၅–၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လေကာတန်းစိုက်ပျိုးသီးနှံအထွက်တိုး)

၁၁း၃၅ စာအုပ်စာပေလှူ့မိတ်ဆွေ
(၁) ဘာကြောင့် ယားယံနေသလဲနှင့် ဆေးဆောင်းပါးပေါင်းချုပ် (လှဘုန်းအောင်)
(၂)စင်ကာပူ၊ မလေးရှား အင်္ဂလိပ်စကားပြော (ဆရာမိုး Follow Me)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့်နှစ် ၅၀ အကြောင်း ပထမပိုင်း–မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ဆိတ်ဖူးနှင့် မာလာဖူး)

၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာ စီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (မျိုးဆက်သစ်၏ မျိုးချစ်ပုံရိပ်)



လားရှိုးမြို့ ကောင်းဟုန်း–ဖိုင်းတောင် မြေသား လမ်းဖောက်လုပ်မှု လုပ်ငန်းကို ဧပြီ ၄ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိရာ အင်ဂျင်နီယာမှူး ဦးဝင်းဌေး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄–၂၀၀၅ပညာသင်နှစ် အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဧပြီ ၃၀ ရက်က (အထက–၆) ရတနာမွန်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးမြတ်ကိုက အထက်တန်းဆင့် ကျောင်းသူ မသဇင်မိုးမိုးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (၁၆၈)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ခရမ့်ရော်ဘာစက်ရုံ ကုန်ချောပစ္စည်းများထုတ်လုပ်မှုကြည့်ရှု ကတိုက်ရေလှောင်တမံစီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေများစစ်ဆေး ဒေသအကျိုး၊ နိုင်ငံတော်အကျိုး စေတနာထားလုပ်ဆောင်ကြရန် မှာကြား

ရန်ကုန် မေ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင်စက်မှုဇုန်ရှိ Ever Flow River Manufacturing Co., Ltd. ၏ခရမ့်ရော်ဘာစက်ရုံသို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မေ ၁၇ ရက်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-၆) (ရန်ကုန်တိုင်း)

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်နိုင်ရေး မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိ

ရန်ကုန် မေ ၁၇

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် အားကစားအဖွဲ့ချုပ်များ ကြိုးစားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်လျက်ရှိသည်။

မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အနေဖြင့် ၁၉၉၅ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံမြားပစ်အားကစားအဖွဲ့ချုပ် တိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်အနေဖြင့် ယခုအချိန်အထိ အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲ (၂၇)ကြိမ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၃၁ ခု၊ ငွေတံဆိပ် ၂၃ ခု၊ ကြေးတံဆိပ် ၂၉ ခု စုစုပေါင်း ဆုတံဆိပ် ၈၃ ခုကို နိုင်ငံတော်အတွက် ရယူပေးနိုင်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် မြန်မာ့မြားပစ်ပဏာမလက်ရွေးစင်များ ဤသို့လေ့ကျင့်လျက်ရှိကြသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ဒေါ်လာ ၁၀သိန်းခန့် တန်ဖိုးရှိသော ရွှေနာရီ

ဂျီနီဗာမြို့လေလံပွဲကျင်းပရာ အဆောက်အအုံ၌ စိတ်ဝင်စားသူ တစ်ဦးက ဒေါ်လာ ၁၀ သိန်းနီးပါးခန့်တန်ဖိုးရှိသော ရွှေနာရီလေးကို ကြည့်ရှုနေစဉ်။**(အပေါ်ပုံ)** အဆိုပါရွှေလက်ပတ်နာရီလေးကို ပါတက်ဖ် ဖီလစ်ပီက တီဖန်ကုမ္ပဏီအတွက် လွှန်ခဲ့သည့် ၁၉၂၈ ခုနှစ်က ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဂျီနီဗာမြို့လေလံပွဲတစ်ခုတွင် ရောင်းချမည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၆၆၅၀၀၀နှင့် ၉၉၇၅၀၀အကြား ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(ရိုက်တာ)**

ဒေါ်လာခြောက်သောင်းတန် ငွေဇွန်း

နယူးယောက်မြို့ လေလံပွဲ၌ ဒေါ်လာခြောက်သောင်းတန် ငွေဇွန်း တစ်ချောင်းကိုတွေ့ရစဉ်။**(ယာပုံ)**

အဆိုပါငွေဇွန်းကို နယူးယောက်မြို့တွင် အခြားအသုံးအဆောင်ပစ္စည်းများနှင့်အတူ ဆော့ဗီဘိုင် လေလံရောင်းချသည့် အဖွဲ့က မေ ၁၉ ရက်တွင် လေလံတင် ရောင်းချမည်ဖြစ်ရာ ဒေါ်လာ ခြောက်သောင်းရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(ရိုက်တာ)**

18-5 (20).p65 1 3/24/05, 8:51 PM